# ကြေးမုံ

# The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ စနေနေ့။ Saturday, 21 September 2024 ၁၁၅၈၇


**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလက်ခံမည့် အစီအစဉ်များ အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် လှူဒါန်းငွေများကို ၂၁-၉-၂၀၂၄ ရက်(စနေနေ့) မွန်းလွဲ(၂)နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊
ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊
ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

**ယနေ့** ဖတ်စရာ

**ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီး/ရေလျှံမှုများ ကြုံတွေ့နေရသည့် ရေဘေးသင့်ပြည်သူများအတွက် ဆက်သွယ်ရေးကဏ္ဍ၏ လူမှုအကျိုးပြုလုပ်ငန်းအဖြစ် ထပ်မံ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ**

စာမျက်နှာ » ၁၀

**ရှေ့သို့လှမ်းချီ အေဂျီအမ်ဆီသို့ . . . . .**

ဆောင်းပါး စာမျက်နှာ » ၁၆

## တပ်ကုန်းမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာများရှိ စက်ရေတွင်း ၅၀၀ ကျော်အား တွင်းဆေးလေမှုတ်ခြင်းနှင့် သောက်သုံးရေဂါလန် ၁၂၉၀၀ ကျော်ဖြန့်ဝေ



တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂၀

ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများရှိ ကျေးရွာနေပြည်သူများ၊ ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်ရေ၊ သုံးရေ အခက်အခဲများ ပြေလည်စေရေး စက်ရေတွင်း ၅၀၀ ကျော် တွင်းဆေးလေမှုတ်ခြင်းနှင့် သောက်သုံးရေဂါလန် ၁၂၉၀၀ ကျော် ဖြန့်ဝေပေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်ဖွန်းမုန်တိုင်း ရာဂီအရှိန်ကြောင့် စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စာမျက်နှာ ၄ ကော်လံ ၁ သို့

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၉) ရက်သာ လိုတော့သည်။**



# စေတနာမှဝေဒနာမဖြစ်ရအောင် စနစ်တကျပူးပေါင်းဆောင်ရွက်

နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်ကြသူများနှင့် ရေဘေးသင့်ရပ်ကွက်၊ ကျေးရွာများရှိ မိမိတို့နေထိုင်ရာ နေအိမ်များတွင် နေထိုင်လျက်ရှိကြသည့် ပြည်သူများအတွက် နိုင်ငံတစ်ဝန်းရှိ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများ၊ အလှူငွေများ လာရောက်လှူဒါန်းနေသည့်မြင်ကွင်းများကို ဝမ်းမြောက်ကြည်နူးဖွယ် မြင်တွေ့နေရပါသည်။

ပြင်းထန်ဆိုးရွားလှသည့် ရုတ်တရက်ရေကြီးရေလျှံမှု အန္တရာယ်ကြောင့် ရေဘေးသင့်ဒေသမှ ပြည်သူအများစုမှာ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ရန် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ကယ်ဆယ်ကူညီစောင့်ရှောက်ပေးခဲ့ကြသည်။ ရေကြီးရေလျှံအန္တရာယ်မှ လျော့ကျပြီးနောက် ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများ၊ သင့်လျော်ရာ ရေဘေးလွတ်ရာနေရာများ၌ နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ၏ ပံ့ပိုးကူညီမှုဖြင့် စားသောက်နေထိုင်ကြရသည်။

ထိုသို့နေထိုင်စားသောက်လျက်ရှိရာတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းခြားကျေးရွာတွင် စက်တင်ဘာလ ၁၇ ရက်နေ့ ညပိုင်းက အလှူရှင်များ လာရောက်လှူဒါန်းသည့် ကြက်သားဒံပေါက်၊ ကြက်သားအာလူးဟင်း၊ ဘဲဥခရမ်းချဉ်သီးချက်များကို စားသုံးခဲ့ကြပြီး အစာအဆိပ်သင့်လက္ခဏာများဖြစ်ပွားခဲ့ရာ အဆိုပါလူနာများကို ကျန်းမာရေးဦးစီးဌာန အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက တပ်ကုန်းနှင့် နေပြည်တော်ဆေးရုံများ၌ ဆေးဝါးကုသပေးခဲ့ရာ ရောဂါဖြစ်ပွားမှု သက်သာကောင်းမွန်ခဲ့ပြီး လူနာအများစုမှာ ဆေးရုံမှဆင်းကာ နေထိုင်ရာနေရာများသို့ ပြန်လည်ရောက်ရှိခဲ့သည်။

စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဝါးတီးကျေးလက်ကျန်းမာရေးဌာနအပိုင် ဝက်ဖြူကုန်းကျေးရွာ ရွှေဖြူရတနာစာသင်တိုက် ယာယီကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား အလှူရှင်များက ကြာဆံကြော်၊ အချဉ်နှင့်ထမင်း၊ ကြက်ဥမန်ကျည်းမှည့်ချက်များကို လာရောက်လှူဒါန်းကျွေးမွေးရာ ကျေးရွာနေပြည်သူများ စားသုံးပြီးနောက် အစာအဆိပ်သင့် လက္ခဏာများဖြစ်ပွားခဲ့သဖြင့် တောင်ငူပြည်သူ့ဆေးရုံကြီးတွင် လာရောက်ဆေးကုသမှုခံယူခဲ့ရာ အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြည့်ရှု ကုသပေးခဲ့သဖြင့် သက်သာကောင်းမွန်ခဲ့ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက ရောဂါကာကွယ်ထိန်းချုပ်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် ပတ်ဝန်းကျင်အနေအထားနှင့် ရာသီဥတုအခြေအနေတို့အရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအစာများမှာ အချိန်ကာလ၊ ခရီးအကွာအဝေးအပေါ်မူတည်၍ သိုလှောင်ထုပ်ပိုးသိမ်းဆည်းထားစဉ် အစာအဆိပ်သင့်မှုကိုဖြစ်ပွားစေသော ရောဂါပိုးမွှားများ ပေါက်ပွားရှင်သန်စေမှု ဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများကိုဖြစ်ပေါ်စေနိုင်ခြင်း၊ အချို့မုန့်မျိုးစုံအစားအစာများမှာ ရက်လွန်အစားအစာများဖြစ်စေနိုင်ခြင်းစသည်တို့ကြောင့် ချက်ချင်းစားသုံးရန်မသင့်ဘဲ စနစ်တကျစစ်ဆေးကြည့်ရှုရန်လိုအပ်သည်။ အဆိုပါ အစားအသောက်များကို စနစ်တကျစစ်ဆေးလေ့လာခြင်းမရှိဘဲ ချက်ချင်းစားသောက်မိပါက အခန့်မသင့်လျှင် အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်နောက်ဆက်တွဲရောဂါများဖြစ်ပေါ်နိုင်သည်။

လတ်တလောတွင် စေတနာရှင်ပြည်သူများက ရေဘေးသင့်ပြည်သူများအားကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အစီအစဉ်ဖြင့် အနယ်နယ်အရပ်ရပ်တွင် သွားရောက်လှူဒါန်းနေကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်နေရသည်။ သို့ရာတွင် ပတ်ဝန်းကျင်အနေအထားများနှင့် အစားအသောက်တို့တွင် ဖြစ်ပေါ်တတ်သည့် အနေအထားများအရ ဖော်ပြပါအစာအဆိပ်သင့်မှုလက္ခဏာများ ဖြစ်ပွားလာနိုင်သဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်နေသော ရေဘေးသင့်ပြည်သူများမှာ ဒုက္ခထပ်ဆင့်ဖြစ်ပေါ်နိုင်သဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အလှူရှင်များသို့ အသိပေးတိုက်တွန်း ပန်ကြားချက်များကို သတိပေးနှိုးဆော်လျက်ရှိသည်။

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုလုပ်ဘဲ ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူစီမံဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက လှူဒါန်းကြသောအစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်မှု၊ သန့်ရှင်းမှု ရှိ၊ မရှိ ကြီးကြပ်စစ်ဆေးခြင်းတို့ကို စနစ်တကျပြုလုပ်ခြင်းဖြင့် အလှူရှင်များ၏စေတနာကို ဝေဒနာမဖြစ်အောင် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်လင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ထောက်ပံ့/လေ့ကျင့်) ဦးအောင်မော် ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အခမ္ဘခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အခမ္ဘခိုင်းစေမှုဆိုင်ရာတိုင်ကြားမှု ယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့်အခမ္ဘခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အခမ္ဘခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အခမ္ဘခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အခမ္ဘခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အခမ္ဘခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အခမ္ဘခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အခမ္ဘခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အခမ္ဘခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အခမ္ဘခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအခမ္ဘခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အခမ္ဘခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အခမ္ဘခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၃၉၆ | ၃,၄၈၈,၃၀၀ |
| MTSH | ၃,၅၀၀ | ၃,၄၀၀ | ၂,၅၂၂ | ၈,၅၈၄,၉၀၀ |
| MCB | ၈,၇၀၀ | ၈,၇၀၀ | ၂၇၈ | ၂,၄၁၈,၆၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၂၀ | ၂၁၆,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၇၀၃ | ၁,၂၀၄,၁၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၆၀၀ | ၂,၀၇၀,၀၀၀ |
| MADPL(PLB) | ၃၂,၀၀၀ | ၃၂,၀၀၀ | ၁ | ၃၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမျိုးသမီးများသည် ပဋိပက္ခများ၏ဒဏ်ကို ပိုမိုခံစားရသူများဖြစ်သည့်အတွက် အပြန်အလှန်နားလည်ယုံကြည်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးထုအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ချက်ဖြစ်လာ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြား

(၂၀-၉-၂၀၂၄ ရက်၊ စိန့်ပီတာစဘတ်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ **"ယုံကြည်မှုများ တိုးမြှင့်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း အတွက် အမျိုးသမီးများကဏ္ဍ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်လျက်ရှိသည့် စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်သို့ ဗီဒီယိုမိန့်ခွန်းပေးပို့ခဲ့သည်။

**မိန့်ခွန်းများ အသီးသီးပြောကြား**

ဖိုရမ်၏ဖွင့်ပွဲနှင့် မျက်နှာစုံညီအခမ်းအနားတို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၊ ရုရှားနိုင်ငံအထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စ ဗာလန်တီးနား မာ့တ်ဗီရမ်ကာနှင့် စိန့်ပီတာစဘတ်အစိုးရအဖွဲ့အကြီးအကဲ မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လေ့ဗ်တို့က မိန့်ခွန်းများကို တက်ရောက်ပြောကြားခဲ့သည်။ ထို့ပြင် ရုရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ မီခေး မီရှူစတင် က မိန့်ခွန်းပေးပို့ခဲ့သည်။ ထို့နောက် မျက်နှာစုံညီနှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဖိုရမ်သို့တက်ရောက်လာသော နိုင်ငံတကာလွှတ်တော်အသီးသီးနှင့် အစိုးရအဖွဲ့အစည်းများ၏ အမျိုးသမီးခေါင်းဆောင်များက မိန့်ခွန်းများ အသီးသီးပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၏ ဗီဒီယိုမိန့်ခွန်း အပြည့်အစုံမှာ-

မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း စသည့် အသင်းအဖွဲ့များအနေဖြင့် အမျိုးသမီးများ၊ မိခင်လောင်းများ၊ အမျိုးသမီးငယ်ရွယ်များ၊ ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကူညီစောင့်ရှောက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် ဂုဏ်ထူးဆောင်နာယကအဖြစ် လမ်းညွှန်ပါဝင်ဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည့်အတွက် ကမ္ဘာ့အမျိုးသမီးများနှင့်အတူ မြန်မာအမျိုးသမီးများသည်လည်း ယုံကြည်မှုနှင့် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း။

မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု၊ လိုအပ်လာသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှု၊ နည်းပညာကဏ္ဍဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေး၊ အထူးသဖြင့် အမျိုးသမီးအခွင့်အရေးချိုးဖောက်မှု၊ ကုန်သွယ်ရေး ပဋိပက္ခ၊ စစ်ရေးပဋိပက္ခ စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး အမျိုးသမီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှု အရည်အသွေးများ တစ်နေ့တခြား လိုအပ်မှုရှိလာသည်ကို တွေ့ရပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

အမျိုးသမီးများသည် ပဋိပက္ခများ၏ဒဏ်ကို ပိုမိုခံစားရသူများဖြစ်သည့်အတွက် အပြန်အလှန်နားလည်ယုံကြည်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးထုအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မရှိမဖြစ်လိုအပ်ချက်ဖြစ်လာပါကြောင်း။

BRICS အဖွဲ့ကြီး၏ အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးမှာ အရေးပါသည့်ယန္တရားတစ်ရပ်အဖြစ် ဆောင်ရွက်နေသည်ကို အားတက်ဖွယ်တွေ့ရှိရပါကြောင်း။

ယခုအချိန်သည် အမျိုးသမီးများ၏ နေ့စဉ်ဘဝကိစ္စ ဆောင်ရွက်မှုကိုသာမက ကမ္ဘာ့ရေးရာကိစ္စများတွင်ပါ ရဲစွမ်းသတ္တိ၊ ယုံကြည်မှု၊ လုံ့လဝီရိယရှိမှု၊ ဦးဆောင်နိုင်မှု၊ ခံနိုင်ရည်စွမ်းအား၊ ဖန်တီးနိုင်စွမ်းအားများကို အသိအမှတ်ပြုအားပေးရမည့်အချိန်အခါဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အထူးအလေးထားလျက်ရှိပါကြောင်း။

ယခု ယူရေးရှားအမျိုးသမီးဖိုရမ်သည် ကမ္ဘာတစ်လွှားမှ အမျိုးသမီးများ၏ အကျိုးစီးပွားကို မြှင့်တင်ရေးအတွက်သာမကဘဲ ယုံကြည်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို အကောင်အထည်ဖော်နေသော အမျိုးသမီးထုကြီး၏ စုပေါင်းအင်အားအတွက် အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ဤဖိုရမ် ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နိဂုံးချုပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အဆိုပါဖိုရမ်ကို "ငြိမ်းချမ်းရေးနှင့်ယုံကြည်မှုအတွက် အစီအစဉ်သစ်"၊ "စီးပွားရေးဆိုင်ရာ အမှန်တရား-နည်းပညာများနှင့် တီထွင်ဆန်းသစ်မှုများ"၊ "ကျန်းမာသန်စွမ်းသော လူ့အသိုင်းအဝိုင်းနှင့် သာယာဝပြောသော လူမှုအဖွဲ့အစည်း"၊ "သန့်ရှင်းသောကမ္ဘာနှင့် အစားအသောက်လုံခြုံရေး"၊ "ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်း" တို့အတွက် အမျိုးသမီးများ၏ကဏ္ဍနှင့် "BRICS အမျိုးသမီးဖိုရမ်ဆွေးနွေးပွဲ" တို့ကို ခေါင်းစဉ်များအလိုက် ကျင်းပဆွေးနွေးကြသည်။ **"ဓလေ့ထုံးထမ်းများကို ထိန်းသိမ်းခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းတို့အတွက် အမျိုးသမီးများ၏ကဏ္ဍ"** ခေါင်းစဉ်အောက်၌ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်ကလည်း ဗီဒီယိုမိန့်ခွန်း ပေးပို့ပြောကြားခဲ့သည်။




စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ် ကျင်းပစဉ်။

စတုတ္ထအကြိမ်မြောက် ယူရေးရှားအမျိုးသမီးဖိုရမ်သို့ နိုင်ငံတကာမှ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အာကာသ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားကဏ္ဍဆိုင်ရာ အမျိုးသမီးခေါင်းဆောင်များနှင့် ပညာရှင်များအပါအဝင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၁၅၀၀ ပါဝင်တက်ရောက်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

**မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု၊ လိုအပ်လာသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှု၊ နည်းပညာကဏ္ဍဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေး၊ အထူးသဖြင့် အမျိုးသမီးအခွင့်အရေးချိုးဖောက်မှု၊ ကုန်သွယ်ရေးပဋိပက္ခ၊ စစ်ရေးပဋိပက္ခ စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး အမျိုးသမီးများ၏ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးများ တစ်နေ့တခြား လိုအပ်မှုရှိလာသည်ကို တွေ့ရ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး(၂/ ၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂၀**

မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။




**တက်ရောက်**

အစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိုင်ငံတော်အနေဖြင့် မူပိုင်ခွင့်ဥပဒေများကို အာဏာသက်ဝင်နိုင်ခဲ့ပြီး ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်လျှောက်ထားခြင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်လျှောက်ထားခြင်း၊ စာပေနှင့်အနုပညာ မူပိုင်ခွင့်လျှောက်ထားခြင်းတို့ကို လက်ခံဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် နိုင်ငံတော်တွင် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းစနစ်သည် အာဆီယံနိုင်ငံနှင့် အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ စတင်ဖွံ့ဖြိုးတိုးတက်လာပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင်လည်း ကျန်အဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်ဆောင်ရွက်လာနိုင်ပြီ ဖြစ်သည့်အတွက် ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ယှဉ်ပြိုင်မှုမြင့်မားသော MSMEs များအဖြစ် ရပ်တည်လာနိုင်စေရေးအတွက် ရန်ပုံငွေ၊ နည်းပညာနှင့် လိုအပ်သည့် အခြားကူညီထောက်ပံ့ပေးမှုများကို ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း မိမိတို့လုပ်ငန်း၏ အမှတ်တံဆိပ်များ၊ ဖန်တီးမှုဒီဇိုင်းများ၊ တီထွင်ဖန်တီးမှုများနှင့် စာပေနှင့်အနုပညာလက်ရာများကိုလည်း မူပိုင်ခွင့်ဖြင့် အကာအကွယ် ရယူနိုင်ကြခြင်းဖြင့် MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တက္ကသိုလ်နှင့် သုတေသနဌာနများမှ တီထွင်ဖန်တီးလိုသည့်လက်ရာများကို ဈေးကွက်တွင် ဖြန့်ဖြူးနိုင်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင့်သုံးနေသည့်စနစ်တစ်ရပ် ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ်ဖြင့် နည်းပညာများ လွှဲပြောင်းရယူနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ရှိ ကုန်ထုတ်လုပ်မှုကဏ္ဍ မြင့်မားတိုးတက်လာစေရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်းပါဝင်**

ထို့ကြောင့် နိုင်ငံတော်တွင် မူပိုင်ခွင့် အကာအကွယ်ပေးသည့်စနစ် တည်ထောင်ရာတွင် အများပြည်သူ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အတည်ပြုခဲ့ပြီးသည့် အမျိုးသားအဆင့်မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာပါ လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တာဝန်ခံဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယနေ့အစည်းအဝေးသို့ ပါဝင်တက်ရောက်ကြသည့် တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကောင်အထည် ဖော်ရာတွင် အထောက်အကူ ဖြစ်စေသည့် မူပိုင်ခွင့် အကာအကွယ်ပေးခြင်းစနစ်တစ်ရပ်ကျင့်သုံးရာတွင် မိမိတို့ ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများမှ ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူးက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြသည့်အမှာစာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၀**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် (West Yangon Technological University–WYTU)သို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အဓိပတိလမ်းမကြီးတွင် အရိပ်ရပင်များ၊ ပလက်ဖောင်းနှင့် လမ်းမီးတိုင်များဆိုင်ရာ လုပ်ငန်းအစီအစဉ်များ၊ Master Plan ရေးဆွဲထားမှုအခြေအနေ၊ စာသင်ဆောင်များ၊ အားကစားပြုလုပ်ရာနေရာများ၊ အပန်းဖြေရန် နေရာများ၊ ကျောင်းသားအိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ယာဉ်ရပ်နားရန်နေရာများနှင့် Drainage System ဆိုင်ရာ လုပ်ငန်းအစီအစဉ်များ၊ ပင်မသုံးထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းနှင့် Multipurpose Hall Structure System တို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ်ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ပင်မဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ လုပ်ငန်းများဆောင်ရွက်ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းကလည်း အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)တွင် တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အခက်အခဲလိုအပ်ချက်တင်ပြမှုများအပေါ် ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် သက်မွေးပညာရှင်များကို စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၊ အလုပ်ရုံများ၌ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ MSME များ ဖွံ့ဖြိုးရေးအတွက် ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သည့် စက်မှုကုန်ထုတ်ပညာရှင်များဖြစ်စေရေး အလေးထားလေ့ကျင့်သင်ယူကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရွှေဖုံးမှ**

မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေကြီးနစ်မြုပ်ခဲ့ပြီး ရေဘေးဒဏ်ခံခဲ့ရသည့် တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာများရှိကျေးရွာနေပြည်သူများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်ရေ၊ သုံးရေ အခက်အခဲများပြေလည်စေရေး၊ ရေကြောင့်ဖြစ်ပွားတတ်သောရောဂါများ မဖြစ်ပွားစေရေးတို့အတွက် ကျေးရွာပိုင်စက်ရေတွင်းများ၊ ပုဂ္ဂလိကပိုင် စက်ရေတွင်းများအား တွင်းဆေး လေမှုတ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာယီရေဘေးကာကွယ်ရေးစခန်းများနှင့် ရေဘေးသင့်ကျေးရွာများရှိ ကျေးရွာနေပြည်သူများအား လတ်တလော သောက်သုံးရေအဆင်ပြေစေရန်အတွက် ဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

တပ်ကုန်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေကြီးနစ်မြုပ်ခဲ့ပြီး ရေဘေးဒဏ်သင့်ခဲ့သည့် ကျေးရွာများ၌ စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ကျေးရွာပေါင်း ၁၀ ရွာရှိ ကျေးရွာပိုင် စက်ရေတွင်း၊ ပုဂ္ဂလိကစက်ရေတွင်း ၅၁၈ တွင်းအား တွင်းဆေးလေမှုတ်ခြင်း ဆောင်ရွက်ခြင်းနှင့် ယာယီရေဘေးရှောင်စခန်းများ၊ ရေဘေးဒဏ်သင့်ကျေးရွာများ စုစုပေါင်း ၃၄ ရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေဂါလန်ပေါင်း ၁၂၉၈၃ ဂါလန်ဖြန့်ဝေပေးနိုင်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

တပ်ကုန်းမြို့နယ် ရေဘေးသင့်ကျေးရွာများရှိ စက်ရေတွင်းများအား တွင်းဆေးလေမှုတ်ခြင်း ဆောင်ရွက်ပေးစဉ်။



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့



ဘားအံ စက်တင်ဘာ ၂၀

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ယနေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများ၌ နေထိုင်ကြလျက်ရှိသော ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံ အားပေး၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဘားအံမြို့ ပြည်ထောင်စုရိပ်သာ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရေကြီးရေလျှံမှုကြောင့် ရေဘေးရှောင် စခန်းများ ဖွင့်လှစ်ထားရှိမှု၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ စာသင်ကျောင်းများ ယာယီပိတ်ထားရမှုနှင့် ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းမှု၊ မိုးစပါးရေနစ်မြုပ်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်တွင် ရေကြီးရေလျှံမှုဖြစ်စဉ်က တင်ကျန်ခဲ့သော သဲနုန်းများအား တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ မီးသတ်ရေသယ်ယာဉ်၊ ယန္တရားများ အသုံးပြု၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှုကို သွားရောက် ကြည့်ရှုအားပေးပြီး စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ ရွှေယဉ်မျှော် ပြည်တော်စေတီတော် အောင်ချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းကပ်လှူ ပူဇော်၍ ရွှေယဉ်မျှော်ပြည်တော်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ်၁၀သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

**အားပေးစကားပြောကြား**

ထို့နောက် ရွှေယဉ်မျှော် ပြည်တော်စေတီတော် ပရိဝုဏ်အတွင်း လှည့်လည်ဖူးမြော်ကြည်ညို၍ အဆိုပါ စေတီတော်၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၂၈၅ စု၊ လူဦးရေ ၁၄၃၉ ဦး အတွက် ဆန်အိတ် ၃၀၊ ဆီ ၁၄၅ ပိဿာ၊ ကြက်ဥအလုံး ၃၀၀၀ နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ရေဘေးရှောင်စခန်း၌ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပြည်နယ် လမ်းဦးစီးဌာနမှ ရေဘေးသင့်ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အလင်းတိုက်စာကြည့်တိုက် ပရိဝုဏ်၌ ရေဘေးရှောင် ပြည်သူများအား ချက်ပြုတ်ကျွေးမွေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြပြီး အလင်းတိုက်စာကြည့်တိုက်အတွင်း စာအုပ်၊ စာပေများလေ့လာဖတ်ရှုနေကြသည့် ကျောင်းသားကျောင်းသူ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးစကား ပြောကြားကာ စာအုပ်စာစောင်များ ဝယ်ယူနိုင်ရန် စာကြည့်တိုက်မှူးထံ ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ လှာကမြင်ကွက်သစ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၁၄၇ စု၊ လူဦးရေ ၆၃၇ ဦးအတွက် ဆန် ၁၄ အိတ်၊ ဆီ ၇၅ ပိဿာ၊ ကြက်ဥအလုံး ၁၃၀၀၊ ခေါက်ဆွဲခြောက်နှင့် စားသောက် ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့် အိမ်ထောင်စု ၂၁၉ စု၊ လူဦးရေ ၉၇၀ အတွက် ဆန်အိတ် ၃၀၊ ဆီ ၁၄၅ ပိဿာ၊ ကြက်ဥအလုံး ၂၀၀၀၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

**အရာထမ်းများနှင့်တွေ့ဆုံ**

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များနှင့်အညီ နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့ပေါ်ရပ်ကွက်နေ ပြည်သူများအတွက် သောက်သုံးရေများပြန်လည်ရရှိ

ကလော စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် ကလောမြို့နယ်စည်ပင်သာယာရေးဌာနက မြို့သောက်သုံးရေဖြန့်ဝေပေးသော အင်းပြင်ရေထွက်မှ ရေပေးဝေရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး အဆိုပါ ရေထွက်မှ မြို့နေပြည်သူများသို့ သောက်သုံးရေများ ပြန်လည်ဖြန့်ဝေပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ကလောမြို့နယ် စည်ပင်သာယာရေးဌာနတို့မှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းမှစ၍ အဆိုပါ ရေထွက်မှ ကလောမြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ အိမ်ခြေ ၈၈၃ လုံး၊ လူဦးရေ ၄၄၁၅ ဦးတို့အတွက် အလှည့်ကျစနစ်ဖြင့် သောက်သုံးရေများ ပြန်လည်ဖြန့်ဝေပေးနိုင်ခဲ့ပြီး ကျန်ရှိသည့်ရပ်ကွက်များနေ ပြည်သူများအား သောက်သုံးရေပြန်လည်ဖြန့်ဝေပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်လျက်ရှိကြောင်း ကလောမြို့နယ်စည်ပင်သာယာရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေရရှိရေး ရေပေးဝေနေမှုအား



ကလောတပ်နယ်မှူး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမြင့်ကြိုင် တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်ရှိကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တို့သည် တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ အနီးတစ်ဝိုက်နှင့် ကျေးရွာများမှ ရေဘေးသင့် ပြည်သူများအား သွားရောက် တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပျဉ်းမနားမြို့နယ် မဟာလယ်တီစံကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ မဟာဇနကကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ မဟာဇနကကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တ ဝဏ္ဏာရဟအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဆိုပါကျောင်းတိုက်ရှိ မဟာဇနကဗိမာန်တော်၌ ရေဘေးသင့် ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ အနုပညာရှင်များက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ အားပေးစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ M Entertainment Channel နှင့် Elavate Broadcast Myanmar Co.,Ltd. တို့မှ တာဝန်ရှိသူများနှင့် အနုပညာရှင်များက ရေဘေးသင့်ပြည်သူများအတွက် လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် ဆေးဝါးများကို ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ နာမည်ကျော်တေးသံရှင်များ ဖြစ်ကြသည့် ယုန်လေး၊ ဂျင်နီ၊ ဟာသပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ အုန်းသီး၊ ဒိန်းဒေါင်နှင့် အနုပညာရှင်များ၊ MRTV မှ ဝန်ထမ်းတေးသံရှင်များက ရေဘေးသင့်ပြည်သူများ စိတ်ခေတ်ခွန်အားတက်ကြွစေမည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများနှင့် ဆောင်ရွက်ပေးစေလိုသည်များကိုမေးမြန်း၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တပ်ကုန်းမြို့နယ် မဟာဇနကကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

အဆိုပါ မဟာဇနကကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်းတွင် အနော်ရထာရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်နှင့် မြောက်ရွေးစုကျေးရွာ စုစုပေါင်းရပ်ကွက်/ကျေးရွာ သုံးခုမှ အိမ်ထောင်စု ၈၁ စု၊ လူဦးရေ ၂၄၉ ဦးတို့အား ကူညီကယ်ဆယ် စောင့်ရှောက်ထားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့်ရေဘေးကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ သီဟဉာဏအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဆိုပါကျောင်းတိုက်ရှိဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများအားရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးများနှင့်အတူ အနုပညာရှင်များက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြား၍ အားပေးစကားများ ပြောကြားကြကာ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ၊ M Entertainment Channel နှင့် Elavate Broadcast Myanmar Co.,Ltd. တို့မှ တာဝန်ရှိသူများနှင့် အနုပညာရှင်များက ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ အနုပညာရှင်များ၊ MRTV မှ ဝန်ထမ်းတေးသံရှင်များက စိတ်ခေတ်ခွန်အားတက်ကြွစေမည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါ ချမ်းမြေ့မြိုင်ဘုန်းကြီးကျောင်းတွင် အနော်ရထာရပ်ကွက်၊ အဆုံဇီးကုန်း ၊ ရှောက်ကုန်း၊ လက်ပံကုန်း၊ မြောက်ရွေးစုနှင့် ချောင်းဝကျေးရွာ စုစုပေါင်း ရပ်ကွက်/ ကျေးရွာခြောက်ခုမှ အိမ်ထောင်စု ၁၂၇ စု၊ လူဦးရေ ၄၂၀ တို့အား ကူညီကယ်ဆယ် စောင့်ရှောက်ထားခြင်းဖြစ်သည်။

တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ M Entertainment Channel နှင့် Elavate Broadcast Myanmar Co.,Ltd. တို့က လူသုံးကုန်၊ စားသောက်ကုန်များနှင့် ဆေးဝါးများ စုစုပေါင်း တန်ဖိုးငွေကျပ်၅၀၁၄၀၀၀ ကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ အနုပညာရှင်များကလည်း အလှူငွေနှင့် စားသောက်ကုန်များကိုလည်းကောင်း လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ပြီး ရာဂီမုန်တိုင်းတိုက်ခတ်ခဲ့သည့် သဘာဝဘေးဒဏ်ကြောင့် တပ်ကုန်းမြို့အနီးတစ်ဝိုက်နှင့် ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပွား၍ ဓာတ်တိုင်များပြိုလဲခဲ့ပြီး စက်တင်ဘာ ၁၁ ရက်မှစ၍ လျှပ်စစ်ဓာတ်အားလိုင်း ပြတ်တောက်ခဲ့သော်လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်သံထုတ်လွှင့်မှုများ ပြတ်တောက်မှုမရှိစေရေးအတွက်၁၂၅၀ ကေဗွီအေ Generator မီးစက်ကြီးနှစ်လုံးဖြင့် စက်တင်ဘာ ၁၅ ရက်အထိ အလှည့်ကျမောင်းနှင်ဆောင်ရွက်ခဲ့မှု၊ ဂါလန် ၈၀၀၀၀ ဆံ့ ရေစုကန်မှတစ်ဆင့် ၁၆ ကေဗွီအေ အင်ဂျင်မီးစက်ဖြင့်မောင်းနှင်၍ ပင်မအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများအတွက် ရေပြတ်တောက်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ခဲ့မှု၊ ဂါလန် ၆၀၀၀၀ ဆံ့ ရေစုကန်ဖြင့် မြေအောက်ရေ စုဆောင်းဖြန့်ဝေခဲ့မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးကြီးမားသည့် မီးစက်ကြီးများ ပုံမှန်ကြံ့ခိုင်ရေးပြုလုပ်ပြီး စမ်းသပ်မောင်းနှင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ရန်နှင့် ယင်းအတွက် အရန်ပစ္စည်းများလည်း အသင့်ရှိရန်၊ ရေစုကန်များတွင် ရေအမြဲမပြတ် စုဆောင်းထားရှိပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက်လည်း အသင့်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များသည် ပျဉ်းမနားမြို့နယ် သပြေတောင်တောရကျောင်းတိုက်နှင့်

စာမျက်နှာ ၇ သို့ ❖



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တပ်ကုန်းမြို့နယ် မဟာဇနကကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါ အစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ဆေးရုံ (တောင်ငူ) သို့ရောက်ရှိပြီး အရေးပေါ်ဆေးကုသမှုဌာန၊ အထူးကုပြင်ပလူနာဌာန၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ကျောက်ကပ်သွေးသန့်စင်ခန်းနှင့် ခွဲစိတ်ခန်းများကို သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။



**အမှာစကားပြောကြား**

ထို့နောက် ပြည်သူ့ဆေးရုံကြီး (တောင်ငူ) အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပြည်သူ့ဆေးရုံကြီး (တောင်ငူ)ရှိ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၊ ပဲခူးတိုင်းဒေသကြီးရှိ ရေဘေးသင့်မြို့နယ်များသို့ ကွင်းဆင်းသွားရောက်၍ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေကြသော အရေးပေါ်ဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရေဘေးသင့်ဒေသများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မိမိတို့ကိုယ်တိုင်၏ ဘေးကင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်ရန်၊ အထူးကုဆရာဝန်ကြီးများအပါအဝင် သူနာပြုဆရာမကြီးများအနေဖြင့် လူနာများအား မိသားစုသဖွယ်စဉ်းစား၍ ပြုစုစောင့်ရှောက်ကုသပေးကြရန်နှင့် လူနာဘေးကင်းလုံခြုံရေးကို အလေးထားဆောင်ရွက်ပေးရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် အဆိုပါနိုင်ငံပိုင်ပစ္စည်းများ ဆုံးရှုံးမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ မိမိတို့အနေဖြင့် အရေးပေါ်ဆေးကုသရေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ များ စေလွှတ်ရာတွင်လည်း လိုအပ်သောပစ္စည်းများကို တစ်ပါတည်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ လှူဒါန်းမှုရရှိစေရန်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနက ပြည်သူများသိရှိအောင် ထုတ်ပြန်ထားသော အလှူရှင်များအတွက် တိုက်တွန်းပန်ကြားချက်ကို လိုက်နာဆောင်ရွက်သွားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိရေဘေးသင့်ကျန်းမာရေးဝန်ထမ်း ၇၀ အတွက် ထောက်ပံ့ငွေကျပ် ၃၅ သိန်း၊ ပြည်သူ့ဆေးရုံကြီး (တောင်ငူ)မှ ကျန်းမာရေးဝန်ထမ်းများနှင့် ရေဘေးသင့်ဒေသများသို့သွားရောက်၍ တာဝန်ထမ်းဆောင်လျက်ရှိကြသော ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူ ၄၉၀ နေထိုင်လျက်ရှိသော ဒက္ခိဏာရာမရေဘေးကယ်ဆယ်ရေးစခန်းနှင့် ရေဘေးသင့်ပြည်သူ ၅၁၂ ဦးနေထိုင်လျက်ရှိသော အထက (၃) ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုကာ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ယင်းနောက် ဒက္ခိဏာရာမစာသင်တိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုဏ္ဍလအားဖူးမြော်၍ အလှူငွေများဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၂၃၆၀၄၀၀ ထောက်ပံ့လှူဒါန်းကာ ဒက္ခိဏာရာမစာသင်တိုက်တွင်ဖွင့်လှစ်ထားသော ဇီဝကအခမဲ့ဆေးခန်းတွင် အရေးပေါ်ဆေးအဖွဲ့နှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အဆိုပါကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများအား လတ်ဆတ်သောအစားအစာနှင့် ပူပူနွေးနွေး ချက်ပြုတ်ထားသော အစားအစာကိုသာစားသုံးရန်၊ ရက်ကျော်နှင့် အချိန်ကျော်သိမ်းထားသော အစားအစာများကို စားသုံးခြင်းမပြုရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ မိမိတို့နေအိမ်ရှိ သောက်ရေသုံးရေများကို ရေသန့်ဆေးပြားထည့်ပြီးမှသာ အသုံးပြုရန်နှင့် နေအိမ်များသို့ ပြန်ရောက်သည့်အခါ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော နေအိမ်များသို့ ပြန်လည်သွားရောက်နေထိုင်ချိန်တွင် သတိပြုလိုက်နာဆောင်ရွက်ရန်အချက်များကို လိုက်နာဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးတွင် အရေးပေါ်ဆေးအဖွဲ့များအနေဖြင့် တောင်ငူမြို့နယ်တွင် ၁၄ ဖွဲ့နှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ ၉၀ က ရေဘေးကယ်ဆယ်ရေးစခန်းများသို့ နေ့စဉ်သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

မဟာလယ်တီစံကျောင်းတိုက်တို့၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများနှင့် အနုပညာရှင်များက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံကျော်ဟာသပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ အုန်းသီးနှင့် ဒိန်းဒေါင်တို့က ရေဘေးသင့်ပြည်သူများ စိတ်ဓာတ်ခွန်အားတက်ကြွစေမည့်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါ သပြေတောင်တောရကျောင်းတိုက်တွင် ရပ်ကွက်/ ကျေးရွာများမှ ရေဘေးသင့်ပြည်သူ စုစုပေါင်းဦးရေ ၃၅၀ နှင့် မဟာလယ်တီစံကျောင်းတိုက်တွင် ရပ်ကွက် / ကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၃၉၉ ဦးတို့အား ကူညီကယ်ဆယ်စောင့်ရှောက်ထားကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လူသုံးကုန်၊ စားသောက်ကုန်များနှင့် ဆေးဝါးများ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒက္ခိဏာသီရိမြို့နယ်၌ စာဖတ်ရိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူတို့က အမှာစကားပြောကြားသည်။ ထို့နောက် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဝင်းက ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူများက လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့်ခေါင်းဆောင်မှု၊ လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိလိုသည်များကိုမေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ယင်းနောက် တာဝန်ရှိသူများက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသားကျောင်းသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အခမ်းအနား အပြီးတွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**အောင်သူရဦး(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၀**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒုတိယအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၁၆) အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးသို့ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ကော်မတီဝင် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

အစည်းအဝေးတွင်ကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်ဖွန်းမုန်တိုင်း ရာဂီဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရေကြီးနစ်မြုပ်ခဲ့သည့်ဒေသများတွင် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလောအမြန်ဆောင်ရွက်ပေးရသည့် ရေတိုလုပ်ငန်းများနှင့် ရေရှည် စီမံချက်ရေးဆွဲဆောင်ရွက်သွားရမည့်လုပ်ငန်းများရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လတ်တလောဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို အချိန်တိုအတွင်း လူအင်အားနှင့် ထိထိရောက်ရောက် စီမံဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း ယခုကတည်းက စီမံချက်ရေးဆွဲပြီး စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကော်မတီဝင်ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သဘာဝဘေးအန္တရာယ် ကျရောက်ဖြစ်ပွားပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အစီအမံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့်အတိုင်းအမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိခိုက်ဆုံးရှုံးမှုများကို အချက်အလက်မှန်ကန်စွာရရှိရေးသည် အထူးအရေးကြီးပါကြောင်း၊ အချက်အလက် စာရင်းဇယားများ မှန်ကန်တိကျမှသာ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှုများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအနေဖြင့် ပိုမိုထိခိုက်ဆုံးရှုံးမှုများရှိသည့်အတွက် မိမိတို့ ကော်မတီဝင် ဌာနများအနေဖြင့် ပြန်လည်စိုက်ပျိုးရနိုင်သော စိုက်ဧကအရေအတွက်များ ကွင်းဆင်းကောက်ယူခြင်း၊ မူလသီးနှံများပြန်လည်စိုက်ပျိုးခြင်း၊ အခြားသီးနှံများအား ရာသီဥတု အခြေအနေပေါ်မူတည်၍ ပြန်လည်စိုက်ပျိုးနိုင်ရန် ဒေသအလိုက်သင့်လျော်သည့် မျိုးစေ့များစုဆောင်းခြင်း၊ ထွန်ယက်စိုက်ပျိုးနိုင်ရေး စက်ကိရိယာအကူအညီပေးခြင်းလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသကဲ့သို့ တောင်သူများသိရှိစေရန်လည်း ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

အလားတူ မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးဝါးနှင့် အစာထောက်ပံ့ပေးခြင်း၊ ငါး/ပုစွန်သားပေါက်များ ဖြန့်ဖြူးထောက်ပံ့ပေးခြင်း၊ လတ်တလော သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ရေတွင်းများတွင်းဆေး၊ တွင်းမှုတ်ခြင်း၊ ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများပေးဝေခြင်း၊ စားရေရိက္ခာအတွက် အရန်ဆန်ကူညီထောက်ပံ့မှုများအား လက်ရှိအနေဖြင့် ဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ယင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ရေး ကော်မတီဝင်ဌာနအသီးသီးမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ထိခိုက်ဆုံးရှုံးခဲ့သော အိမ်ထောင်စုများ၏ အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများကိုလည်းဖော်ထုတ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့်အစီအမံများရေးဆွဲ တင်ပြဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပျက်စီးမှုအချက်အလက်များ မှန်ကန်ရေးနှင့် ပြန်လည်ဆောင်ရွက်ပေးရမည့်အစီအမံများကို ဝန်ကြီးဌာန၊ ဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့်အစီအမံ၊ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးကော်မတီမှ ဆောင်ရွက်ပေးရမည့်အစီအမံများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြပြီးဆောင်ရွက်ရမည့်အစီအမံများကို ခွဲခြား၍ ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်ဝန်ကြီးဌာန/ ဦးစီးဌာနမှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍအလိုက် သဘာဝဘေးအန္တရာယ် မကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့်အရေးပေါ်စီမံခန့်ခွဲခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များအား အသီးသီး ဆွေးနွေးတင်ပြခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)သို့ သွားရောက် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၀**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် စက်ရုံမှူးနှင့် အရာထမ်းများ၊ စက်ရုံတည်ဆောက်ရေး စီမံကိန်းအဖွဲ့နှင့် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရမှုကြောင့် စက်ရုံရှိ စတိုခြောက်လုံး ရေဝင်ရောက်မှု၊ နမ့်တစ်ဖက်ချောင်းရေလျှံ၍ ပထမအဆင့်ရေတွန်းအလုပ်ရုံသို့ ရေဝင်ရောက်မှု၊ မိုင်းတောင်အတက်လမ်း ပျက်စီးခဲ့မှု၊ စက်ရုံအဝင်လမ်းမကြီးဘေးကျောက်စီ ရေမြောင်းပျက်စီးခဲ့မှုနှင့် ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေမှု၊ စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံရှိကေဘယ်ကြိုးများ သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေသန့်စင်သည့် အလုပ်ရုံတွင် စက်ပစ္စည်းများ စစ်ဆေးပြုပြင်မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေသန့်စင်ရေးအလုပ်ရုံရှိ စက်ပစ္စည်းများ အလိုအလျောက်ထိန်းချုပ် မောင်းနှင်နိုင်ရေးအတွက် ပရိုဂရမ်ရေးဆွဲခြင်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးမှု၊ ပထမအဆင့် ကြိတ်ခွဲအလုပ်ရုံတွင် မြေထိန်းနံရံများ ပြုလုပ်နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးပြုပြင်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ထားရန်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ပါက ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး စီမံချက်များကို ရှုထောင့်ပေါင်းစုံမှသုံးသပ်၍ စီမံရေးဆွဲထားရန်၊ ထို့ပြင် သဘာဝဘေးအန္တရာယ် ကျရောက်နေစဉ်အတွင်း တုံ့ပြန်ဆောင်ရွက်မည့် အစီအမံနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အစီအမံတို့ကို လက်တွေ့ကျကျ ရေးဆွဲထားရန် မှာကြားသည်။



စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် သဘာဝဘေး အန္တရာယ်ကြောင့် ပျက်စီးခဲ့ရသည့်နေရာများ၊ စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံ၊ ရေသန့်စင်ရေးအလုပ်ရုံ၊ ဒိုလိုမိုက်ကျောက်ထုတ်လုပ်ရေး အလုပ်ရုံနှင့် သံသတ္တုရိုင်းများ ကြိတ်ခွဲဆန်ခါချ အလုပ်ရုံတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သန်လျင်မြို့နယ်၌ သင်ထောက်ကူယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေး ဆွေးနွေး



**ရန်ကုန် စက်တင်ဘာ ၂၀**

သန်လျင်မြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ မသန်စွမ်းအလုပ်သမားများကို သာမန်အလုပ်သမားများနှင့် တန်းတူဥပဒေပါ ရပိုင်ခွင့်များ ရရှိနိုင်ရေးစည်းကြပ်ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးခြင်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာရှိ Myanmar Golden Eagle Co.,Ltd. (ဖန်ချက်စက်ရုံ) နှင့် Leader One (Myanmar) Limited (အထည်ချုပ်စက်ရုံ) တို့၌ ပြုလုပ်သည်။

**အသိပညာပေးဆွေးနွေး**

အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန သန်လျင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီရိကျော်နှင့် ဦးစီးအရာရှိ ဒေါ်အိအိချို(အလုပ်ရုံစစ်ဆေးရေး) တို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ၊ မသန်စွမ်းအလုပ်သမားများကို သာမန်အလုပ်သမားများနှင့် တန်းတူဥပဒေပါ ရပိုင်ခွင့်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
"ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး"
UN Tourism
WORLD TOURISM DAY 2024 | TOURISM AND PEACE
၂၇ - ၉ -၂၀၂၄
MICC-2 ၊ နေပြည်တော်

**၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက်**
**ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု**
**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်**

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

**ညောင်ရွှေ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်သို့ ရောက်ရှိနေသော အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့်နေရာများသို့ စက်လှေဖြင့်ကြည့်ရှုစစ်ဆေးပြီး ယာယီရေဘေးရှောင်စခန်းမှ ရေဘေးသင့်ပြည်သူများအားပြည်သူ့ဆေးရုံများမှ အရေးပေါ်ဆေးအဖွဲ့များနှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းမှ အထူးကုဆေးအဖွဲ့တို့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။



**သဘာဝဘေးများ ဖြစ်ပွားလျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ညောင်ရွှေမြို့နယ် မြို့မရန်ကုန်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းမှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ရိုးဖြစ်စဉ်ထက် ကျော်လွန်သော သဘာဝဘေးများ ဖြစ်ပွားလျက်ရှိကြောင်း၊ အင်းလေးဒေသတွင် လွန်ခဲ့သော နှစ်(၃၀)အတွင်း မကြုံဖူးသော ရေကြီးရေလျှံမှုကို ကြုံတွေ့တုံ့ပြန်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေဘေးသင့်ပြည်သူများအား အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးရှောင်စခန်းများတွင်နေထိုင်စဉ် ကျန်းမာရေးနှင့်အညီ ပူပူနွေးနွေး ချက်ပြုတ်စားသောက်နိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ စသည့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ရေဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ရေဘေးကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် နေအိမ်ပျက်စီးဆုံးရှုံးသူများကို ဖြစ်ပေါ်ခံစားရမှုအပေါ်မူတည်၍ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ရေဘေးရှောင်စခန်းမှ နေရပ်ပြန်ချိန်တွင် အသုံးပြုနိုင်ရန်အတွက် ဆန်ရိက္ခာဖိုးနှင့် လူသုံးကုန်ပစ္စည်းများလည်း ယခုတစ်ပါတည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျချိန်တွင် အင်းလေးဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ယာယီရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် အရေးပေါ်ကျန်းမာရေးဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ကလေးငယ်များအတွက် မုန့်များပေးဝေသည်။

စက်တင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ်နှင့် ညောင်ရွှေမြို့နယ်ရှိ ယာယီရေဘေးရှောင်စခန်းများတွင် ရောက်ရှိနေထိုင်သည့် အိမ်ထောင်စု ၂၃၂ စုနှင့် လူဦးရေ ၉၆၄၉ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၄၀၅၂၅၈၀၀၀၊ အိမ်ထောင်စု ၂၃၂ စုအတွက် ငွေကျပ် ၂၄၉၈၁၂၉၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး စုစုပေါင်း ငွေကျပ် ၆၅၅၀၇၀၉၆ ထောက်ပံ့ခဲ့ကြောင်းနှင့် ထောက်ပံ့ရန်လိုအပ်နေသူများကို ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးညိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်ပွဲ ပြုလုပ်

**မိုးညို စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက် ဆင်းသီရိလမ်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ယနေ့နံနက် ၉ နာရီက နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်သည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဇော်က နွားမေထုန်မဲ့သားစပ်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည် ဖြစ်သည့်အတွက် တက်ရောက်သူများအနေဖြင့် သေချာစွာ လေ့လာမှတ်သားခြင်းဖြင့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ပြောကြားပြီး မေထုန်မဲ့သားစပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ နွား၏ အမမျိုးပွားအင်္ဂါ အစုံလိုက်နှင့် နွားမေထုန်မဲ့ သားစပ်ခြင်းကို လက်တွေ့ပြသသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၁၇ ဦး တက်ရောက်၍ စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**



# သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ဒိုက်ဦး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရရှိရန်ရည်ရွယ်၍ ယနေ့တွင် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒိုက်ဦးမြို့နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့်ကိစ္စနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပေးလှုံ့ဆော်မှုအနေဖြင့် ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင် ၁၂၀၀ ဖြန့်ဝေခြင်းနှင့်ဈေးဆိုင်များနှင့်လူစည်ကားရာနေရာများတွင် အသိပညာပေး ပိုစတာများ လိုက်လံကပ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီး/ရေလျှံမှုများ ကြုံတွေ့နေရသည့် ရေဘေးသင့်ပြည်သူများအတွက် ဆက်သွယ်ရေးကဏ္ဍ၏ လူမှုအကျိုးပြုလုပ်ငန်းအဖြစ် ထပ်မံကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ

ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးသည့်အတွက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရေဘေးသင့်ဒေသများရှိ မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများ ဆက်သွယ်ရေးလွယ်ကူအဆင်ပြေချောမွေ့စေရန် အခမဲ့ဖုန်းပြောဆိုခွင့်နှင့် အခမဲ့စာတိုပေးပို့အသုံးပြုခွင့်ကို စက်တင်ဘာ ၁၃ ရက်မှစတင်၍ ၇ ရက်အထိ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများက ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ယခုအခါ ထပ်မံ၍ ရေဘေးသင့်ဒေသများမှ ဒေသခံပြည်သူများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ မိုဘိုင်းဖုန်း အချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် မိနစ် (၇၀၀)နှင့် အခမဲ့စာတိုပေးပို့ခွင့် အစောင် (၇၀၀) တို့အား စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ၊ အက်တမ်မြန်မာလီမိတက် (ATOM)မှ မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် မိနစ်(၃၀၀) နှင့် အခမဲ့စာတို ပေးပို့ခွင့် အစောင်(၃၀၀)တို့အား စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ၊ အော်ရီဒူးမြန်မာလီမိတက်(Ooredoo)မှ မိုဘိုင်းဖုန်း အချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် အကန့်အသတ်မဲ့နှင့် အခမဲ့စာတိုပေးပို့ခွင့် အကန့်အသတ်မဲ့တို့အား စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ၊ တယ်လီကွန်း အင်တာနေရှင်နယ်မြန်မာ ကုမ္ပဏီလီမိတက် (MYTEL) မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ဖုန်းပြောဆိုခွင့် မိနစ်(၁,၀၀၀) နှင့် အခမဲ့ စာတိုပေးပို့ခွင့် အစောင်(၁,၀၀၀)တို့အား စက်တင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိ အသုံးပြုခွင့်ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန သန်းခေါင်စာရင်းကောက်ယူရာ၌ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၀**

တိုင်းရင်းသားဘာသာစကားကိုသာ အသုံးပြုသည့် ဒေသများတွင် ဒေသခံဘာသာစကားဖြင့် မေးမြန်း၍ သန်းခေါင်စာရင်းကောက်ယူနိုင်ရန်အတွက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် သန်းခေါင်စာရင်းကောက်ယူရာ၌ တိုင်းရင်းသားဘာသာစကားကိုသာ အသုံးပြုသည့် တိုင်းရင်းသားများအတွက် ၎င်းတို့၏ ဘာသာစကားဖြင့် မေးခွန်းများကို သေချာစွာနားလည်သဘောပေါက်မှသာ မှန်မှန်ကန်ကန် ဖြေဆိုနိုင်မည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်နေရာများမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အလေးထား စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သန်းခေါင်စာရင်းကောက်ယူမှု၏ မေးခွန်းပါအချက်အလက်များ မှန်မှန်ကန်ကန်ရရှိမှုသည် အလွန်အရေးကြီးကြောင်း၊ ရရှိလာသည့် လုပ်ငန်းစဉ်လိုအပ်ချက်များကို မှန်ကန်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်မှသာ ပင်မနိုင်ငံသားများဖြစ်ကြသည့် ပြည်ထောင်စုဖွား မိမိတို့တိုင်းရင်းသားလူမျိုးများအားလုံးအတွက် လိုအပ်သည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ရလဒ်ကောင်းကို ပိုမိုပြီး စနစ်တကျရရှိနိုင်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် တိုင်းရင်းသားဘာသာစကားကိုသာ အသုံးပြုသည့်ဒေသများတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ စနစ်တကျကောက်ယူနိုင်ရေးအတွက် နယ်မြေအနေအထားအရ လိုအပ်သည်များကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာများ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကော်မရှင်၏လမ်းညွှန်ချက်နှင့်အညီ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာများ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်မြင်စွာကောက်ယူနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများက သန်းခေါင်စာရင်းကောက်ယူရာ၌ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ခြုံငုံသုံးသပ်၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ (ACC)နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု လေ့ကျင့်ရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ"သတ်မှတ်ရေး ကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ NSSA အသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ် စက်တာဘာ ၁၆ ရက်အထိ ၂၉၆၈၇ ဦးဖြေဆိုခဲ့ပြီး သတ်မှတ်အရည်အချင်း ကိုက်ညီသူ ၂၇၂၅၀ ရှိပြီး ယနေ့အထိ လုပ်သား ၂၆၈၉၉ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီးဖြစ်ပြီး ကျန်ရှိလုပ်သား ၃၅၁ ဦးအတွက် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များပေးနိုင်ရေး စီမံထားပြီးဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် ကာယကံရှင်၊ အလုပ်ရှင်၊ အလုပ်ဌာနနှင့် နိုင်ငံတော်အတွက် များစွာ အထောက်အပံ့ဖြစ်စေပြီး ကုန်ထုတ်စွမ်းအား တိုးမြှင့်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၊ UMFCCI၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း အပါအဝင် ညီနောင်အသင်းများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ် ရွှေသံလွင်စက်မှုဇုန်ရှိ Tri-Win Leather Myanmar Co.,Ltd. အိတ်ချုပ်စက်ရုံ၊ San Yuan (Myanmar) Apparel MFG Co.,Ltd. အထည်ချုပ်စက်ရုံနှင့် လှိုင်သာယာ အရှေ့ပိုင်းမြို့နယ် စက်မှုဇုန်(၄)ရှိ KBL Fashion နှင့် Hunter Textile Co.,Ltd. အထည်ချုပ်စက်ရုံများသို့ သွားရောက်၍ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုပြီး အဆိုပါစက်ရုံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးက CMP လုပ်ငန်းသာမက အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် SME လုပ်ငန်းများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ခွင့်ပြုပေးလျက်ရှိရာ သက်ဆိုင်ရာဦးစီးဌာနများ၏ စနစ်တကျ စည်းကြပ်ဆောင်ရွက်ပေးမှုကို အလေးထားလိုက်နာ၍ စက်ရုံရှိ စက်ရုံအလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီတို့သည် အလုပ်ရှင်နှင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် အပြန်အလှန် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေးမျက်နှာ၊ သီတာကုန်းပြင်နှင့် မဒေါ့ပင်

မြင့်စိုး(နတလ)

(ယမန်နေ့မှအဆက်)

ပန်းတောကြီးမှ ပုသိမ်သို့အသွား ခရီးလမ်းတွင် မဖြစ်မနေဝင်ရမည့် ကျေးရွာတစ်ရွာ ရှိနေပါသည်။ ရေကြည်မြို့နယ်ထဲက ပန်းပုကွင်းကျေးရွာဖြစ်၏။ ဆရာတော် ဦးဝိလာသ၊ ဦးဇနိန္ဒနှင့် ရွာသူ ရွာသားများ ကရွာအနီးက သီတာချောင်းကူးတံတား တည်ဆောက်ပေးပါရန် ၂၀၂၃ ခုနှစ်ကတည်းက မေတ္တာရပ်ခံထားတာရှိနေသည်။ ချောင်းအနောက်ဘက်ရှိ ကျေးရွာအုပ်စု လေးခုအတွင်း၌လည်း ကျေးရွာပေါင်း ၇၀ ကျော်ရှိနေကြောင်း သိရှိရသည်။ ထိုရွာများထဲတွင် ဆင်ဖိုးထွန်း၏ဇာတိ ဖက်စလက်ရွာလည်း ပါဝင်နေပါသည်။ သည်နေရာ၌ တံတားတစ်စင်း ပေါ်ပေါက်လာရန် သူတို့မျှော်လင့်ထားသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဟု ဆိုကြ၏။ အကယ်၍သာ တံတားတစ်စင်း ပေါ်ပေါက်လာပါက သူတို့အတွက် အိပ်မက်တံတား ဖြစ်နေပေလိမ့်မည်။ မြေနေရာ ရွေးချယ်ခြင်း၊ ကွင်းဆင်းတိုင်းတာခြင်းများ လုပ်ကတည်းက ဒေသတစ်ခုလုံး ဝမ်းသာပျော်ရွှင်နေကြသည်ဟု ဆရာတော်က အမိန့်ရှိလာသည်။ ကျွန်တော်တို့ သွားရောက်ကြည့်ရှုသည့်နေ့ကလည်း ချောင်းအနောက်ဘက်ကမ်းမှာ ရွာသူ ရွာသားများကို လှမ်းမြင်နေရသည်။ ဖက်စလက်ရွာသားများလည်း ပါဝင်နေကြပေမပေ့ါ။ သမ/ကျေးလက် ပြည်သူ့အတွက်မို့ ဆေးစက်ကျရာတိုင်းမှာ အရုပ်ထင်စေဖို့ အလိုလိုတာဝန် ရှိနေချေပြီတမုံ့။



ရေကြည်မြို့နယ် ပန်းပုကွင်းကျေးရွာအနီး သီတာချောင်းကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုခဲ့ကြစဉ်။

### သီတာကုန်းပြင်ဆိုသည်မှာ

သီတာကုန်းပြင်ဆိုသည့် အမည်ကတော့ ဧရာဝတီတိုင်းဒေသကြီးထဲတွင် ချောင်းသာ၊ ငွေဆောင်တို့ကဲ့သို့ပင် လူသိများထင်ရှားကျော်ကြားခဲ့သည်။ ရခိုင်ဘုရင်မင်းဗာကြီးလက်ထက် အေဒီ ၁၅၃၁-၁၅၃၃ ကာလများတွင် မြောက်ဦးဒေသသို့ ပေါ်တူဂီများ ရောက်ရှိနေပြီး မြောက်ဦးမြို့ တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည် ဆို၏။ မြောက်ဦးမင်းဆက် မင်းရာဇာကြီး အေဒီ ၁၅၉၃-၁၆၁၂ လက်ထက်၌ စစ်ဘက်အရာရှိအဖြစ် ပေါ်တူဂီလူမျိုး ဇေင်ကာသည် နေရာရရှိလာသည်။ ၁၅ ရာစုနှင့် ၁၆ ရာစုတို့တွင် ပေါ်တူဂီတို့ နယ်ချဲ့အားကောင်းလာချိန်မှာ ရခိုင်ဘုရင်များ၊ မြန်မာဘုရင်များ အုပ်စိုးရာနေရာများ၌ စည်းလုံးညီညွတ်မှု ပျက်ပြားပြီး သူတစ်လူ ငါတစ်မင်း ဖြစ်လာကြသည်။ ဘုရင့်နောင်မင်းတရားကြီး လွန်ပြီးနောက် သားတော် နန္ဒဘုရင်လက်ထက်တွင် အကွပ်အညှပ် အားနည်း၍ ဟံသာဝတီ ထီးနန်းယိမ်းယိုင်ခဲ့သည်။ ဟံသာဝတီ တိုက်ခိုက်ခံရပြီးနောက် ဇေင်ကာသည် သန်လျင်မြို့စောင့်နယ်စား ခန့်ထားခြင်းခံရသည်။ ရခိုင်ဘက်တွင်လည်း သူတစ်လူ ငါတစ်မင်း ဖြစ်လာပြီးနောက် ရခိုင်အမတ်မင်းစောထွတ်က ၎င်း၏သမီး စောသန္တာ (စောသဒ္ဒါ)ကို ဇေင်ကာနှင့် လက်ဆက်ထိမ်းမြားပေးခဲ့သည်။ ၎င်းတို့နှစ်ဦးမှ သားတော်နန္ဒာဘယနှင့် သမီးတော် သုပဘာဒေဝီတို့ ထွန်းကားလာခဲ့သည်။ ဇေင်ကာသည် နတ်သျှင်နောင်နှင့်ပူးပေါင်းပြီး အေဒီ ၁၆၁၂ ၌ တောင်ငူကို တိုက်ခိုက်သိမ်းယူခဲ့သည်။ သည့်အတွက် အေဒီ ၁၆၁၃ ၌ အနောက်ဘက်လွန်မင်းတရားသည် သန်လျင်ကို ချီတက်တိုက်ခိုက်၍ ဇေင်ကာနှင့် နတ်သျှင်နောင်တို့အား ကွပ်မျက်ခဲ့ပါသည်။ စောသန္တာနှင့် သားငယ် သမီးငယ်တို့သည် ခြွေရံသင်းပင်းများနှင့်အတူ သန်လျင်မှ လှေဖြင့် ဆန်တက်၍ ဟင်္သာတမြို့ဘက်သို့ ရောက်လာသည်။ ယင်းမှတစ်ဖန် ငဝန်မြစ်အတွင်း ဝင်ရောက်ပြီး သီတာကုန်းပြင်ဖြစ်လာမည့် ဒေသဘက်သို့ ရောက်ရှိလာပါသည်။ စောသန္တာမင်းသမီး လမ်းတွင်ဖျားနာပြီး ကွယ်လွန်သွားသောအခါ ကျန်ရစ်သော ကလေးနှစ်ဦးကို ရခိုင်အမတ်သုဒိန်က ကောက်ယူမွေးစား၍ ကျိုက်ယသီ (ယခင်ကျိုက်ပွင့် ပဒေါ်မြို့ဟောင်းနေရာ) မြို့ကို တည်ထောင်ပေးခဲ့သည်။ အနောက်ဘက်လွန်မင်း လာတိုက်သောအခါ မြန်အောင်မြို့ဘက်သို့ ခေတ္တတိမ်းရှောင်ကြရင်း ကွင်းကောက်ဒေသ၌ ဘုရားစေတီများ တည်ခဲ့ကြကြောင်း သိရသည်။ ထိုအချိန်ကတည်းက ယင်းတို့နှစ်ဦးကို သီတာမောင်နှမအဖြစ် ဒေသတစ်ခုလုံးက ချစ်ခင်စွာ ခေါ်ဝေါ်နေကြပြီဖြစ်သည်။ သီတာကုန်းပြင်ဒေသသို့ ပြန်လည်ရောက်ရှိကြပြီးနောက် ရွှေနန်းဦးစေတီ (မြသိန်းတန်စေတီ)၊ ရွှေဒါန်းဦးစေတီ၊ ရွှေကူနီဘုရားတို့ကို တည်ခဲ့ကြသည်။

သီတာမောင်နှမသည် ယင်းကဲ့သို့ နေလာရာမှ အေဒီ ၁၆၃၇ ခုနှစ်၌ မောင်တော်နန္ဒာဘယမင်းသားသည် ဘေးထိုးရင်ကျပ်နာ ပြင်းစွာဖြစ်၍ ကွယ်လွန်ခဲ့သည်။ မောင်ဖြစ်သူ ကွယ်လွန်ပြီး မကြာမီမှာပင် နှမတော် သုပဘာဒေဝီမင်းသမီးသည်လည်း ရင်ကွဲနာကျ၍ ကွယ်လွန်ပြန်လေ၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် ရွှေနန်းဦးစေတီကို ပြုပြင်မွမ်းမံပြီး မြသိန်းတန်စေတီအဖြစ် ဘွဲ့အမည်ပြောင်းလဲခေါ်ဝေါ်ချိန်မှာပင် သီတာမောင်နှမ နတ်ကွန်းစင် ပေါ်ပေါက်လာခဲ့ပါသည်။ ဘုရားပြုပြင်ချိန် အေဒီ ၁၈၇၁ ခုနှစ်တွင် ရေးထိုးခဲ့သော မြသိန်းတန်စေတီ ကျောက်စာ၌ အထက်ပါအကြောင်းအရာအချို့ကို ဖော်ပြထားကြောင်း ဖတ်ရှုလေ့လာခဲ့ရပါသည်။ မြသိန်းတန်ဘုရားပွဲကို နှစ်စဉ်တပေါင်းလ၌ ကုန်းပွဲ၊ တော်သလင်းလ၌ ရေပွဲများ ကျင်းပကာ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြသည်။ ရေးယခင်က ကုန်းပွဲတွင် ဇာတ်သဘင်ပွဲများ၊ ရိုးရာခြင်းလုံးခတ်၊ ဘော်လီဘောပွဲများ ကျင်းပပြီး ရေပွဲ၌မူ သီတာချောင်းထဲတွင် လောင်းလှေများ ယှဉ်ပြိုင်လှော်ခတ်ကြသည်ဟု သိရှိရပါသည်။

ယခင်ခရီးစဉ်များနှင့်အတူ သီတာကုန်းပြင်သို့ ကျွန်တော် နှစ်ကြိမ်နှစ်ခါ ရောက်ပြီးဖြစ်ပါသည်။ ဘုရားပွဲနှင့် မကြုံခဲ့၊ ယခုတစ်ခေါက်မှာတော့ မြသိန်းတန်စေတီတော်မြတ်ကြီး၏ (၁၅၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနေချိန်နှင့် တိုက်ဆိုင်စွာရောက်ခဲ့ရပါပြီ။ မြသိန်းတန်စေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့ပြီးနောက် ဘုရားပွဲတော်အထိမ်းအမှတ် ကျင်းပနေသော ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ ဘောလုံးပွဲများ ပြီးသွားလျှင် သီတာချောင်းထဲတွင် လှေပြိုင်ပွဲများ ဆက်လက်ကျင်းပကြဦးမည်ဖြစ်သည်။

### အိမ်မဲ၊ ဝါးခယ်မနှင့် မြောင်းမြမြို့နယ်ထဲက မဒေါ့ပင်

ဩဂုတ်လ ၃၀ ရက်နေ့နံနက်ပိုင်း ပုသိမ်မှ အိမ်မဲမြို့နယ်သို့ သွားရောက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ ထိုမှ ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာသို့ သွားရောက်ကာ စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးစင်တာ၌ ဝါးခယ်မမြို့နယ်အတွင်းက နေကြာစိုက် တောင်သူများ၊ သမဝါယမအသင်းသားများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးပေးခဲ့သည်။ ရွှေကြာဖြူ-၂ စိုက်ပျိုးရေး သမဝါယမအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော တောင်သူ ဦးဝင်းဗိုလ်က ယမန်နှစ် နေကြာ လေးဧကစိုက်ပျိုးခဲ့မှု အတွေ့အကြုံနှင့် ရှုရှားရွက်ဖျန်း သဘာဝမြေဩဇာ အသုံးပြုခဲ့မှု၊ ပျားပုံးထားရှိခဲ့မှု၊ ဓာတ်မြေဩဇာသုံးစွဲခဲ့မှု စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဦးဝင်းဗိုလ်၏ စိုက်ခင်းမှ မနှစ်က နေကြာတစ်ဧကလျှင် အစို ၇၂ တင်း၊ အခြောက် ၆၅ တင်း ထွက်ရှိခဲ့သည်။ ဝါးခယ်မသည် အဓိက နေကြာစိုက်ပျိုးရေးဇုန်ထဲတွင် မပါဝင်သော်လည်း သမဝါယမစနစ်ဖြင့် ဧက ၁၄၀ စိုက်ပျိုးကြရေး ဖွဲ့စည်းဆောင်ရွက်ကာ ရှုရှားရွက်ဖျန်းသဘာဝမြေဩဇာများ ပေးအပ်ခဲ့ပါသည်။ ခရီးစဉ်အစအဆုံး အတူလိုက်ပါလာခဲ့သော ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်ကလည်း လိုအပ်သည်များ မှာကြားခဲ့သည်။ ဝါးခယ်မမြို့နယ်အတွင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် မြောင်းမြမြို့နယ်သို့ ကူးခဲ့ကြသည်။

မြောင်းမြမြို့နယ်ထဲက မဒေါ့ပင်ခေတ်မီစံပြကျေးရွာ (Smart Village) သို့ သွားရောက်ခဲ့ကြပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးမည့် လုပ်ငန်းများ၊ ငါးနှစ်စီမံကိန်းဖြင့် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကာ ကျေးလက်စီးပွားမြင့်မားရေး (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀၊ ခေတ်မီစံပြကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၇၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ မဒေါ့ပင်ကျေးရွာသူ ကျေးရွာသားများ ကိုယ်စား အထက်တန်းကျောင်းခွဲမှ ဆရာမ ဒေါ်ချိုမာအေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ရွာကပြန်အထွက်၌ အထက်တန်းကျောင်းခွဲရှေ့က ကားဖြတ်မောင်းရသည်။ အမှတ်မထင် လှမ်း၍တွေ့လိုက်ရသည်မှာ ကျောင်းအဝင် မြောင်းကူးတံတားလေးက မကောင်းတော့ပြီ။ ကျောင်းသား ကျောင်းသူလေးများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်ကူးသွားလာနိုင်ရေးအတွက် ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးနိုင်ရေး ညှိနှိုင်းမှာကြားခဲ့ပါသည်။ မတောင်းဘဲ ရလိုက်သောသည်လုပ်ငန်းအတွက် မဒေါ့ပင်ကျေးရွာက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အားလုံး ဝမ်းမြောက်ဝမ်းသာ ရှိကြလိမ့်မည် ထင်ပါသည်။

### ဂုဏ်ပြုလိုက်ပါသည် သမီးမှုန်နံ့သာ

ဩဂုတ်လ ၃၁ ရက်နေ့ မနက်ပိုင်းမှာတော့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ပုသိမ်မြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိအောင် ပထမနှစ်စကတည်းက ကြိုးစားသင်ယူကြရေး၊ ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးရေး တိုက်တွန်းမှာကြားကာ ထူးချွန်သော အားကစားသမားကောင်းများ ပေါ်ထွက်လာစေဖို့လည်း ကြိုးစားအားထုတ်ကြရန် ပြောဖြစ်ခဲ့သည်။ အားကစားအကြောင်းပြောရင်း ဘောလုံး၊ ဘော်လီဘောကစားရန် ဝါသနာပါသော ကျောင်းသား ကျောင်းသူများ ရှိ၊ မရှိ မေးမြန်းရင်းဖြင့် ဒုတိယနှစ်ကျောင်းသူ မမှုန်နံ့သာသည် ၂၀၂၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသော အရှေ့တောင်အာရှ (ဆီးဂိမ်း) ပြိုင်ပွဲတွင် ရိုးရာခြင်း ခြောက်ယောက်တွဲ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲ Event 4 ၌ ပထမရွှေတံဆိပ်ဆု၊ တစ်ဦးချင်းပြိုင်ပွဲ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲ Event 3 ၌ ဒုတိယငွေတံဆိပ်ဆု၊ ခြောက်ယောက်တွဲ အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲ Event 2 ၌ ဒုတိယငွေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲ (ထိုင်းနိုင်ငံ) တွင်လည်း မြန်မာ့လက်ရွေးစင်အဖြစ် ပါဝင်ယှဉ်ပြိုင်ရဦးမည်ဖြစ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်းကောင်း၊ သင်တန်းကျောင်းအနေဖြင့်လည်းကောင်း များစွာဂုဏ်ယူရပါကြောင်း ဖော်ပြအပ်ပါသည်။

### စပါးပြီးစပါး စိုက်ပျိုးနေသော ကံကုန်းကျေးရွာ

ပုသိမ်ကအပြန်မှာ ကန်ကြီးထောင့်မြို့နယ် ကံကုန်းကျေးရွာသို့ ခဏဝင်၍ ထိုရွာရှိ လယ်ငါးဧကမှာ စပါးပြီးစပါး စိုက်ပျိုးနေသော ပညာရေးကောလိပ်မှ အငြိမ်းစားဆရာမကြီး ဒေါ်ခင်အုန်းမြင့်ကို တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တို့တွင် ကန်ကြီးထောင့်မြို့နယ်အတွင်း ကျေးရွာရှစ်ရွာတို့၌ စိုက်ဧကစုစုပေါင်း ဧက ၁၃၀ နွေစပါးအောင်ရေ ရရှိရေးအတွက် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်တို့ဖြင့် တွင်းတိမ်တူး၍လည်းကောင်း၊ ချောင်းရေမှလည်းကောင်း ဆိုလာရေတင်စနစ် ဆောင်ရွက်ပေးခဲ့ပါသည်။

ကံကုန်းကျေးရွာမှ ဒေါ်ခင်အုန်းမြင့်၏ လယ်ငါးဧကအတွက် အနက်ပေ ၁၇၀ တွင်းတိမ်တူးပြီး သုံးလက်မ Pump၊ 2 Horse Power ဆိုလာရေတင်စနစ်ဖြင့် ဆောင်ရွက်ပေးခဲ့ရာ မိုးကြိုရာသီတွင် ဆင်းသုခစပါးမျိုး စိုက်ပျိုး၍ တစ်ဧက တင်း ၆၀၊ မိုးရာသီတွင် ရက် ၉၀ စပါးမျိုးစိုက်ပျိုး၍ တစ်ဧက ၆၂ တင်း၊ နွေစပါးကို ဆင်းသုခစပါးမျိုးစိုက်ပျိုး၍ တစ်ဧက ၁၀၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း၊ ယင်းကဲ့သို့ လယ်ငါးဧကတွင် တစ်နှစ်ပတ်လုံး စပါးပြီးစပါး စိုက်ပျိုးခဲ့ခြင်းအတွက် စုစုပေါင်းလယ် ၁၅ ဧကမှ ထွက်ရှိသော စပါးများရောင်းချပြီး အမြတ်ငွေမှာ သွင်းအားစုနှင့် စိုက်ပျိုးရိတ်သိမ်းစရိတ်များ နုတ်ပြီး အသားတင် ၁၁၅ သိန်း ရရှိခဲ့ကြောင်း သိရှိရသည်။

မိုးကြိုနှင့် မိုးစပါးအထွက်တိုးရန်အတွက် အထွက်တိုးစပါးမျိုးများ စိုက်ပျိုးရန် တိုက်တွန်းမှာကြားခဲ့ပြီး ယခုမိုးရာသီ ရက် ၉၀ စပါးမျိုး စိုက်ပျိုးရန်အတွက် မြေပြုပြင်ထားရှိမှု၊ ပျိုးထောင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ပါသည်။

### ရိုးသားကြိုးစား ဧရာဝတီသားတို့ရေ...

စပါးလည်း အထွက်တိုးစေဖို့၊ ဆီထွက်သီးနှံမှာလည်း နောက်ကျမကျန်ရစ်ခဲ့စေဖို့၊ အားကစားကအစ အခြားသောလုပ်ငန်းတွေမှာ အောင်မြင်မှုတွေရစေဖို့ ရိုးသားစွာကြိုးစားကြရင်း တိုင်းရောတည်ငြိမ်အေးချမ်းဖို့အတွက်လည်း နိုးကြားသောအသိဖြင့် ရှိနေကြစေရန် တိုက်တွန်းလိုက်ရပါကြောင်း ...။ ။

## မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက် စွန့်ပစ်အမှိုက်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**မော်လမြိုင် စက်တင်ဘာ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်း တစ်လျှောက်တွင် မွန်ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မော်လမြိုင်မြို့ ကမ်းနားလမ်းသန့်ရှင်းသာယာလှပမှု ရှိစေရေးအတွက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်း သံလွင်မြစ်ကမ်းဘေးတစ်လျှောက် ချုံနွယ်များ၊ မြက်ပင်များ၊ စွန့်ပစ်အမှိုက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ရပ်ကွက်သူ ပြည်သူများက ဒီရေတက်ချိန် သံလွင်မြစ်အတွင်း မျောပါနေသော စွန့်ပစ်အမှိုက်များကို စုပေါင်းဆယ်ယူ ရှင်းလင်းဆောင်ရွက်ခြင်း၊ ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောဆောင်ရွက်နေမှုများ အပေါ်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်နေမှုများ မရှိစေရေး၊ အမှိုက်များပိတ်ဆို့ခြင်းကြောင့် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်မြို့ ကမ်းနားလမ်းသန့်ရှင်း သာယာလှပစေရေး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မွန်ပြည်နယ်အတွင်း ပင်လယ်ကမ်းရိုးတန်းဒေသများ သန့်ရှင်းသာယာလှပရေးနှင့် ကမ်းရိုးတန်းသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ စုပေါင်းသန့်ရှင်းပွဲကို ဆောင်ရွက်ခြင်းဖြစ်ပြီး တစ်လလျှင် နှစ်ကြိမ်လစဉ် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ၂၀၂၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပစစ်ဆေးမည့်ရက် ပြောင်းလဲခြင်း

၂၀၂၅ ပညာသင်နှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲများကို (၃-၁၀-၂၀၂၄)ရက်နေ့နှင့် (၄-၁၀-၂၀၂၄)ရက်နေ့များတွင် ကျင်းပစစ်ဆေးရန် ကြေညာထားရှိသော်လည်း ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အင်အားဖြည့်ပါဝင်ဆောင်ရွက်လျက်ရှိပါသဖြင့် ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲများကို (၂၂-၁၀-၂၀၂၄)ရက်နေ့နှင့် (၂၃-၁၀-၂၀၂၄) ရက်နေ့များသို့ ပြောင်းလဲကျင်းပ စစ်ဆေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မိတ္ထီလာမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသည့် သစ်ပင်အား မီးသတ်တပ်ဖွဲ့ဝင်များ ဖယ်ရှားရှင်းလင်း


**မိတ္ထီလာ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် စက်တင်ဘာ ၁၉ ရက် ညက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မိတ္ထီလာ မူလတန်းကြိုကျောင်း ခြံစည်းရိုးနှင့် ဆက်သွယ်ရေးကြိုးများပေါ်သို့ လုံးပတ် သုံးပေခန့်၊ အမြင့်ပေ ၂၀ ခန့်ရှိ စိန်ပန်းပင် လဲကျပိမိနေသဖြင့် ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်မီးသတ်**



## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိတပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်း စစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ရှမ်းပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တွဲဖက်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းဦးဆောင်၍ အလုပ်အမှုဆောင်များနှင့် အလှူရှင်များက ရှမ်းပြည်နယ် ကလောမြို့ရှိ ရေးဘေးသင့်ပြည်သူများအား ထမင်းထုပ်၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ အမျိုးသမီးလစဉ်သုံးပစ္စည်းများ၊ တီရှပ်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၄၂၃၆၀၀ အား စက်တင်ဘာ ၁၉ ရက်တွင် သွားရောက်လှူဒါန်းစဉ်။

သတင်းစဉ်



## သာစည်မြို့နယ်၌ ရေဝင်ရောက်မှုကြောင့် ပျက်စီးသွားသော ကျေးလက်လမ်းပိုင်းများ ကျောက်ရောမြေခင်းခြင်းများ ဆောင်ရွက်



**သာစည် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှု၊ ကုန်းစီးရေဝင်ရောက်မှုနှင့် တောင်ကျချောင်းရေများဝင်ရောက်မှုတို့ကြောင့် ပျက်စီးသွားသော ကျေးလက်လမ်းပိုင်းများတွင် ကျေးလက်နေပြည်သူများ လတ်တလောသွားလာရေး အဆင်ပြေစေရန် ကျောက်ရောမြေခင်းခြင်းများကို မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မိတ္ထီလာ-တောင်ကြီးသွားကားလမ်းမှ ထူးတွင်း-ကုက္ကိုပြင် ကျေးလက်လမ်းပိုင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော လမ်းပိုင်းနေရာများကို စက်တင်ဘာ ၁၇ ရက်က စတင်၍ ကျောက်ရောမြေခင်းခြင်းကို စက်ကိရိယာများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလမ်းသည် အကျိုးပြုအိမ်ခြေ ၃၀၀ ကျော်ရှိကြောင်းနှင့် ထူးတွင်း၊ ကုက္ကိုပြင်၊ အုတ်ကုန်း၊ ရွှေတုတ်ကုန်း၊ နတ်မြောင်းကျေးရွာတို့မှ ဆက်သွယ် သွားလာနေသော ကျေးရွာချင်းဆက်လမ်း ဖြစ်သည်။

မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အခြားသော ပျက်စီးသွားသည့် ကျေးလက်လမ်းပိုင်းများတွင်လည်း ကျေးလက်နေပြည်သူများ လတ်တလောသွားလာရေး အဆင်ပြေစေရန် ကျောက်ရောမြေ ခင်းခြင်းများကို အမြန်ဆုံးဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ဘောရစ်မုန်တိုင်းသင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ယူရို ၁၀ ဘီလီယံ လှူဒါန်းမည်ဟု ဥရောပကော်မရှင်အကြီးအကဲ ပြောကြား

ရိုကလော စက်တင်ဘာ ၂၀

ဘောရစ်မုန်တိုင်းသင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ယူရို ၁၀ ဘီလီယံ လှူဒါန်းမည်ဟု ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယန်က ယမန်နေ့တွင် ပြောကြားခဲ့သည်။



ဘောရစ်မုန်တိုင်းသင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ကူညီထောက်ပံ့ရေးအတွက် ယခုကဲ့သို့ ရန်ပုံငွေပေးအပ်ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံအသီးသီး၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အရေးပေါ်ဆောင်ရွက်နိုင်ရန် ပေးအပ်ခြင်းဖြစ်ကြောင်း ပိုလန်နိုင်ငံ ရိုကလော့မြို့တွင် ဘောရစ်မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် နိုင်ငံများမှ အကြီးအကဲများနှင့်တွေ့ဆုံစဉ် ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ပိုလန်နိုင်ငံရှိဘောရစ်မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂျာမနီတပ်မတော်သားများအား စေလွှတ်မည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ လက်ရှိအချိန်တွင် ပိုလန်နိုင်ငံ အနောက်တောင်ပိုင်းရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာဒေသများတွင် ပိုလန်တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေသည်။

ထို့ပြင် သြစတြီးယားနိုင်ငံတွင်လည်း ဘောရစ်မုန်တိုင်းတိုက်ခတ်မှုမှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် နှစ်အနည်းငယ်ကြာ အချိန်ယူရမည်ဖြစ်ပြီး နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံသားတစ်ရပ်လုံး ညီညွတ်ရန်လိုအပ်ကြောင်း သြစတြီးယားအောက်ပိုင်း ပြည်နယ်ဘုရင်ခံချုပ် ဂျော်နာမိုက်လဒ်နာကပြောကြားသည်။

သြစတြီးယား ဗဟိုအစိုးရသည် နိုင်ငံအတွင်း အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် အခြားလိုအပ်ချက်များအတွက် သုံးစွဲရန် ယူရိုတစ်ဘီလီယံကို သဘာဝဘေးဆိုင်ရာပြန်လည်ထူထောင်ရေးရန်ပုံငွေအဖြစ် သတ်မှတ်ပေးခဲ့သည်။

အီတလီနိုင်ငံ မြောက်ပိုင်းရှိ အီမီလီယာ ရိုမက်နာဒေသတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီးနောက် ဒေသခံတစ်ထောင်ခန့်နေအိမ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသည်။

**ကိုးကား-ဒီဒက်ဗလျူ**
**ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်အသွင်ကူးပြောင်းမှုကို မြှင့်တင်ရန် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထုတ်ချေးမည်ဟု ADB အတည်ပြု


ဂျကာတာ စက်တင်ဘာ ၂၀

အင်ဒိုနီးရှားနိုင်ငံ၏ ရေရှည်တည်တံ့ပြီး သန့်ရှင်းသောစွမ်းအင်ဆီသို့ အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ရန်အတွက် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၅၀၀ ကို ထုတ်ချေးရန် အတည်ပြုလိုက်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

အဆိုပါ ရေရှည်တည်တံ့သော စွမ်းအင်အသွင်ကူးပြောင်းရေး အစီအစဉ်သည် အင်ဒိုနီးရှားနိုင်ငံအတွက် မူဝါဒအစီအမံအမျိုးမျိုးကို ပံ့ပိုးပေးမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် အမျိုးသားအဆင့် သတ်မှတ်ပြဋ္ဌာန်းထားသော ပံ့ပိုးကူညီမှုနှင့် အသားတင် ဓာတ်အား ထုတ်လွှတ်မှု ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ပံ့ပိုးပေးမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုကို အရှိန်အဟုန်မြှင့်လုပ်ဆောင်ခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ ဓာတ်အားပေးဝေမှု ကန့်သတ်ချက်များကို ကျော်လွှားနိုင်စေရန် အထောက်အကူဖြစ်စေသော်လည်း ကျောက်မီးသွေး၊ ဓာတ်ငွေ့နှင့် ဒီဇယ်ကဲ့သို့သော ရုပ်ကြွင်းလောင်စာအခြေခံ စွမ်းအင်အရင်းအမြစ်များအပေါ် မှီခိုနေရကြောင်း မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်က မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**







# မလေးရှားပြည်တွင်းခရီးသွားလုပ်ငန်း ဒုတိယသုံးလပတ်တွင် ၂၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာ

ကွာလာလမ်ပူ စက်တင်ဘာ ၂၀

မလေးရှားနိုင်ငံ၏ ပြည်တွင်းခရီးသွားဧည့်သည် အရေအတွက်သည် ယခုနှစ်ဒုတိယသုံးလပတ်တွင် ၆၈ ဒသမ ၄ သန်းအထိ စံချိန်တင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရားဝင်အချက်အလက်များက စက်တင်ဘာ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်း အသုံးစရိတ်သည် ယခုနှစ်ဒုတိယသုံးလပတ်တွင် ရင်းဂစ် ၂၈ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၂ ဘီလီယံ) ရှိခဲ့ကာ တိုးတက်မှု ၂၈ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၆ ဒသမ ၉ ရာခိုင်နှုန်း တိုးလာကြောင်း မလေးရှားနိုင်ငံ စာရင်းအင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံ၏ ပြည်တွင်းခရီးသွားလုပ်ငန်းသည် ၂၀၂၃ ခုနှစ်တွင် သိသိသာသာတိုးတက်မှုရှိခဲ့ပြီး စီးပွားရေးလုပ်ငန်းများ အပြည့်အဝ ပြန်လည်ဖွင့်လှစ်ခြင်း၏ အပြုသဘောဆောင်သော သက်ရောက်မှုကို ထင်ဟပ်စေကြောင်း မလေးရှားနိုင်ငံ စာရင်းအင်းဌာနမှ စာရင်းအင်းပညာရှင် မာဟီဒင်က ပြောကြားသည်။

သို့ရာတွင် ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီကာလနှင့် နှိုင်းယှဉ်ပါက စုစုပေါင်း ပြည်တွင်းခရီးသွားဝင်ရောက်မှုမှာ ၁၀ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းနေသေးပြီး ခရီးသွားလုပ်ငန်း၏ ဝင်ငွေသည် ၁၇ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အစ္စရေးတပ်ဖွဲ့ဝင်များက လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်

ဂျေရုဆလင် စက်တင်ဘာ ၂၀

အစ္စရေးတပ်ဖွဲ့ဝင်များသည် လက်ဘနွန်နိုင်ငံအတွင်းရှိ ဟစ်ဇ်ဘိုလာ ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြင်းထန်စွာ ဆင်နွှဲခဲ့ကြောင်း ပြောကြားသည်။

လက်ရှိတွင် အစ္စရေးတပ်ဖွဲ့နှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့အကြား တင်းမာမှုများ ပိုမိုမြင့်တက်လျက်ရှိစဉ် အစ္စရေးက အဆိုပါလေကြောင်းတိုက်ခိုက်မှုကို ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအဖွဲ့၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို လျော့ကျစေရန် တိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များက ပြောသည်။

အလားတူ ဟစ်ဇ်ဘိုလာအဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် အစ္စရေးတပ်ဖွဲ့၏ ပစ်မှတ်များကို တိုက်ခိုက်မှု ၁၇ ကြိမ်ပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။

လက်ဘနွန်နိုင်ငံ၌ စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တွင် ဖြစ်ပွားခဲ့သည့် ဆက်သွယ်ရေးကိရိယာများ အစုလိုက်အပြုံလိုက် ဖောက်ခွဲမှုများအတွက် အစ္စရေးကို အပြစ်တင်ပြီးနောက် လက်တုံ့ပြန်မည်ဟု ဟစ်ဇ်ဘိုလာအဖွဲ့က ကတိပြုပြောကြားသည်။

ဆက်သွယ်ရေးကိရိယာများ ပေါက်ကွဲမှုကြောင့် ပြည်သူ ၃၇ ဦး သေဆုံးပြီး ၃၀၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# နွားထိုးကြီးမြို့နယ်တွင် ကျေးရွာများမှ အဖိုးတန်ပစ္စည်းများနှင့် စားနပ်ရိက္ခာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်ယူဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာတွင် စက်တင်ဘာ ၁၈ ရက်က ကျေးရွာအတွင်း နေအိမ်များမှပစ္စည်းများနှင့် ကားလမ်းမကြီးတစ်လျှောက်ရှိ ကုန်စုံဆိုင်၊ ဖုန်းဆိုင်များမှပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်ယူဆောင်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ စက်တင်ဘာ ၁၇ ရက်က နွားထိုးကြီးမြို့နယ် ဝက်လူးကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် စက်တင်ဘာ ၁၈ ရက်တွင်လည်း ဝက်လူးကျေးရွာကို




လက်နက်ကြီးများဖြင့် ထပ်မံပစ်ခတ် တိုက်ခိုက်ခဲ့သည့်အတွက် နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များမှ ပစ္စည်းများကို လုယက်ယူဆောင်ခြင်းမရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက PDF အမည်ခံအကြမ်းဖက်သမား၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် နေအိမ်များထိခိုက်ပျက်စီးသွားခဲ့သည်ကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Chit Thae" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၀) ရပ်ကွက်နေ ဖြူဇင်စိုးပိုင်အား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "ပြည့်စုံ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ် (၄) ရပ်ကွက်နေ ဝင်းရွှေအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ "Ma Tin Mar Wai"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သိင်္ဂါရီရပ်ကွက်နေ တင်မာဝေအား ညနေ ၄ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ "Oo Kay Thi Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ ကေသီဦး (ခ) ကေကေအား ည ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်မြို့၌ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအကြောင်း ပညာပေးရှင်းလင်းဆွေးနွေး

**မြိတ် စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြို့နယ်အတွင်းရှိ ရွှေဆိုင်လုပ်ငန်းရှင်များအား ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအကြောင်း အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးခဲ့သည်။



အခွန်ပညာပေး ရှင်းလင်းရာတွင် မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးထက်နေဟိဏ်းက ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အမှတ် (၅၄/၂၀၂၄)အရ ရွှေထည် လက်ဝတ်ရတနာများ ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်းကို အောက်တိုဘာ ၁ ရက်မှစတင်၍ ပေးဆောင်ကြရမည်ဖြစ်ကြောင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ လုပ်ငန်းရှင်များ၏ တာဝန်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ခိုင်ထူး ( ပြန်/ဆက် )**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၉-၂၀၂၄ စနေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓာတုဂ္ဂသုတ်၊ပုဗ္ဗဏှသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | Weekly Sports Info |
| ၀၈:၄၀ | ကြိုးစားပွေရှာပညာကမ္ဘာ |
| ၀၉:၁၅ | ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ |
| ၁၀:၃၅ | လူငယ်ရေးရာအစီအစဉ် |
| ၁၁:၀၅ | ချစ်စရာအရွယ်ကစားကြမယ် |
| ၁၁:၃၅ | တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ |
| ၁၂:၃၅ | မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကစားကွက်'** (အပိုင်း-၁၂) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၄၅ | ရုပ်မြင်သံကြားဇာတ်လမ်း **'ဝိဝိငနှဒ်ဖုံကိုတည်ဆောက်ကြသူများ'** |
| ၁၅:၃၅ | နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip) |
| ၁၆:၅၀ | ပုံပြင်ကမ္ဘာ **'ပညာသင်ရာဝယ်'** |
| ၁၇:၀၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇:၃၀ | ဒေသတစ်ခု၊ထုတ်ကုန်တစ်ခု **'ပဲခူးမြို့က သစ်အချောထည်စက်မှုလက်မှု'** |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားက ချစ်လိပ်ပြာ'** (အပိုင်း-၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | (၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ)(ဝါသနာရှင် (ပထမတန်း)အဆင့်)(တတိယဆု) **'မဟော်သဓာဇာတ်တော်ကြီး'** (မန္တလေးတိုင်းဒေသကြီး)(ပထမပိုင်း) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Dhamma Settkyar (Nan Sandi) |
| 07:12 | Weekly Review |
| 07:28 | International Day of Peace (21st September) |
| 07:31 | Myanmar Designer Studio: Wai Yan Ko |
| 07:50 | People's Military Service Law 3 |
| 08:01 | News |
| 08:26 | Myanma Panorama and Myanma Sentiment |
| 08:32 | Attractive New Destinations of Bagan |
| 08:47 | Listening Pleasure, Instrumental Music (Piano) River Flows in you |
| 09:01 | Quiz Time (Ep-47) |
| 10:01 | News |
| 10:26 | Beasts of Asia (Laos) |
| 10:46 | Topical Topics Corn Broth or Sabuti |

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင်(အပိုင်း-၃)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ပျားမွေးမြူရေး(လူသားတို့ရဲ့ကျေးဇူးရှင်များ)

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားတိုင်းရင်းသားများရဲ့ ကယားလိုင်းအိရိုး(ခေါ်)တေး

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရသေ့ပျံ့ရွ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
အနိရောင်အသားကပေးသော ကျန်းမာရေးအကျိုးကျေးဇူး

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ကြယ်ကလေးများအတွက်ပုံပြင်

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
တောင်ယာခင်းသို့အလည်တစ်ခေါက်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဂဝံယဉ်ကျေးမှု

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်မှုဘဝများ (မာရိုငါးပါးဘုရားနှင့်လယ်ထွန်မင်္ဂလာအကြောင်း)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၉)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၄၅ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၁၅ | ကမ္ဘာတစ်ခွင်မြည်းစမ်းချင် |
| ၁၉:၄၅ | Festivals Around the World |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ထိုင်းနိုင်ငံ'** |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လူချင်းအတူတူ'** |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ဗီယက်နမ်နိုင်ငံ'** |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ကိုရီးယားနိုင်ငံ'** (အပိုင်း-၂) |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၁) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း |
| ၀၆:၁၀ | လူး/ဆပ်သီးနံ့ပီအရင်းအမြစ်များ မျိုးသုဉ်းပျောက်ကွယ်မှုမဖြစ်ပေါ်စေရေး ထိန်းသိမ်းဆောင်ရွက်ပေး |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | ကိုယ်ချစ်မဝမယ်မင်းကြီးမ (ဇာတ်လမ်း) |
| ၁၉:၃၀ | How Texas Farmers Use 127 Million Acres Of Farmland– American Farming Documentary |
| ၂၂:၀၀ | Satyaprem.Ki.Katha.2023 |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Soccer View |
| ၁၇:၀၀ | အားကစားသတင်း |
| ၀၇:၄၀ | E Sports |

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေး အဖွဲ့များက ရေများပြန်လည်ကျဆင်းသွားသည့် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ် လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့နှင့် ကလောမြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦး မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိ ရေဘေးသင့် ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးပရိယတ္တိစာသင်တိုက်တွင် ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ အဆိုပါ စာသင်တိုက်မှ တိုက်အုပ်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ပေးအပ်သည်။ ထို့နောက် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ရေသန့်ထုတ်လုပ်ပေးသည့် တပ်မတော် မော်တော်ယာဉ် ရွေ့လျားရေသန့်စက်ဖြင့် သောက်ရေသန့်ထုတ်လုပ် ဖြန့်ဝေပေးနေမှုများကိုလည်းကောင်း၊ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာနှင့် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာသို့ ဆက်သွယ်ထားရှိသော ဆင်သေချောင်းကူးတံတားသို့ သွားရောက်၍ တံတားချဉ်းကပ်လမ်းပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဇေယျာသီရိမြို့နယ်နှင့်ပျဉ်းမနားမြို့နယ်သို့ ဆက်သွယ်ထားရှိသော မြို့နယ်ချင်းဆက် ဆင်သေချောင်းကူးတံတားသည် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာ၊ ချောင်းကမ်းကြီးကျေးရွာ၊ ညောင်ပင်ကြီးကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ရုံးပင်စောင်းကျေးရွာနှင့် စည်ပင်သာယာကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများက ပျဉ်းမနားမြို့နယ်ရှိ အခြေခံပညာ အထက်တန်း ကျောင်းများသို့ ကျောင်း တက်ရောက်ရာတွင် အသုံးပြုရသော ဆင်သေချောင်းကူးတံတားဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန် အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**





---

## ONE Friday Fights 80 ပြိုင်ပွဲတွင် သွေးသစ်ဝင်းလှိုင် ဥဇဘက်ကစ္စတန်ဖိုက်တာကို အမှတ်ဖြင့်အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၀**

ONE Friday Fights 80 ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ သွေးသစ်ဝင်းလှိုင်သည် ဥဇဘက်ကစ္စတန်ဖိုက်တာကို အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

သွေးသစ်ဝင်းလှိုင်သည်ဥဇဘက်ကစ္စတန်ဖိုက်တာ ကာခါခိုရော့ဗ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ သွေးသစ်ဝင်းလှိုင်သည် ပထမအချီတွင် လက်ရည်မကွာဘဲ ထိုးသတ်နိုင်သော်လည်း ဒုတိယအချီတွင် ပြိုင်ဘက်ကစားသမားက လက်ရည်ပိုသာခဲ့သလို ထိချက်လည်း ပိုမိုကောင်းမွန်ခဲ့သည်။ တတိယအချီတွင်မူ ဥဇဘက်ကစ္စတန်ဖိုက်တာ ကာခါခိုရော့ဗ်က လက်ရည် အသာရသွားသလို သွေးသစ်ဝင်းလှိုင် အမှတ်စဉ် တစ်ကြိမ် ရေတွက်ခံခဲ့ရသည်။ အမှတ်စဉ်ရေတွက်ခံရပြီးနောက်ပိုင်း သွေးသစ်ဝင်းလှိုင် ကစားအားကျသွားပြီး ဥဇဘက်ကစ္စတန်ဖိုက်တာ ကာခါခိုရော့ဗ် ဖိထိုးသော်လည်း အလဲထိုးနိုင်ခြင်းမရှိဘဲ အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။



သွေးသစ်ဝင်းလှိုင်နှင့် ကာခါခိုရော့ဗ် ယှဉ်ပြိုင်ထိုးသတ်စဉ်။

သွေးသစ်ဝင်းလှိုင်သည် ONE Championship နှင့် လက်တွဲအပြီး ဒုတိယမြောက်ပွဲစဉ် ထိုးသတ်ရခြင်းဖြစ်ပြီး ဇွန် ၇ ရက်က ထိုးသတ်သည့် ပထမဆုံးပွဲတွင် ထိုင်းဖိုက်တာ ခွန်ဆက်ကို အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။

**သတင်း–ရှိုင်းထက်ဇော်**

**ဓာတ်ပုံ– ONE Championship**

---

## ဟသ်ာတခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်

**ဟသ်ာတ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ နွားမေထုန်မဲ့သားစပ် သင်တန်းအမှတ်စဉ်(၄/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

### ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဒေါ်မိုးမိုးခိုင်နှင့် မြို့နယ်မွေး/ကု ဦးစီးမှူး ဒေါက်တာ ယုနန္ဒာအောင်တို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် တိုင်းဒေသကြီးအတွင်းနှင့် ဟသ်ာတခရိုင်အခြေပြုသင်တန်းဖွင့်လှစ်ခဲ့မှုတို့အား power point ဖြင့် ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် တာဝန်ရှိသူများက နွားမေထုန်မဲ့သားစပ်နည်း လက်တွေ့အသုံးချပြုလုပ်သည့်ကိရိယာများနှင့် သင်တန်းဖွင့်လှစ်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။

အဆိုပါသင်တန်းသို့ ဟသ်ာတခရိုင်၊ကျုံပျော်ခရိုင်၊မြန်အောင်တို့မှ သင်တန်းသား၂၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



---

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ရှေ့သို့လှမ်းချီ အောင်ဂျီအမ်ဆီသို့ .....

လူဟန်(အိမ်ခြံမြေ)

မိမိတို့နိုင်ငံသည် ရေးနှစ်ပေါင်းထောင်ချီကာ မြန်မာမင်းများတည်ဆောက် အစပြုခဲ့သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံ ၁၀၀ ကျော် အေးအတူ၊ ပူအမျှ ချစ်ကြည်ရင်းနှီးစွာ ရေးပဝေသဏီကတည်းက အတူတကွ နေထိုင်ခဲ့ကြသော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ယုံကြည်စွာဖြင့် ကူးလူးဆက်ဆံခြင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲမထားရှိဘဲ ငြိမ်းချမ်းစွာ အတူတကွနေထိုင်ခြင်း စသော ချစ်စရာကောင်းသည့် အမူအကျင့်များဖြင့် ပေါင်းစည်းကာ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ ဥမကွဲသိုက်မပျက် စုပေါင်းညီညာ တင့်တယ်စွာနေထိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

ထိုသို့သော အခြေအနေတွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) သည် ၂၀၁၂ ခုနှစ် ဇွန်လ ၂၈ ရက်နေ့က စတင်သန္ဓေတည်ကာ ပြည်ထောင်စုတိုင်းရင်းသားများ စိတ်တူကိုယ်တူ ပေါင်းစည်းကာ အတူလက်တွဲ ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ယနေ့ဆိုရင် ၁၂ နှစ်တည်ထောင်ဖွဲ့စည်းထားသော ပြည်ထောင်စု အင်န်ဂျီအိုအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။




### ဆီဒိုးနားဟိုတယ်၌ အစည်းအဝေးကျင်းပသွားမည်

နှစ်စဉ် တစ်နှစ်တစ်ခါ ကျင်းပသော အထွေထွေညီလာခံ (AGM) အစည်းအဝေးကို ဥက္ကဋ္ဌ ဒေါ်မို့မို့အောင် ဦးဆောင်သော မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့ (စနေနေ့) တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ အစည်းအဝေး ကျင်းပသွားမည်ဖြစ်ပါသည်။

ထိုအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ အသင်းသူ အသင်းသား တစ်ထောင်ဝန်းကျင်ခန့် တက်ရောက်ကြမည်ဖြစ်ပါသည်။ အဆိုပါ အခမ်းအနားတွင် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များ ဆောက်လုပ်ထားသော အိမ်ရာများ၊ ကွန်ဒိုများ၊ တိုက်ခန်းများကို ပြခန်း၌ထားရှိ၍ တက်ရောက်လာသော ပုဂ္ဂိုလ်များ စိတ်ဝင်စားစေရန် ပြသဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) ၏ အထွေထွေညီလာခံ (AGM) အစည်းအဝေးသို့ ပြင်သစ်နိုင်ငံတွင် အခြေစိုက်ထားသည့် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ (FIABCI) အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ အရှေ့တောင်အာရှအိမ်ခြံမြေ (အာဆီယံ) အဖွဲ့အစည်းမှတာဝန်ရှိသူများ တက်ရောက်အားပေးမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်မည်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Amari Hotel ၌ ကျင်းပသော 2024 Asia Pacific Real Estate Convention အစည်းအဝေးသို့ ပြင်သစ်နိုင်ငံအခြေစိုက် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ (FIABCI) က ဖိတ်ကြားခဲ့သဖြင့် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဒေါ်မို့မို့အောင်၊ ဒုတိယဥက္ကဋ္ဌဦးလူဟန်၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးမောင်အေး ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသူ အသင်းသား ၂၀ ခန့် တက်ရောက်လေ့လာခဲ့ပါသည်။

### "နေရေး"ဆိုသည့် လောကတစ်ပါး

လူတိုင်း "စားဝတ်နေရေး" ဆိုသည့် အရေးကြီးသည့် သုံးပါးကို မဖြစ်မနေ ရင်ဆိုင်ရမည်ဖြစ်ပြီး ထိုအထဲမှ "နေရေး" ဆိုသည့် လောကတစ်ပါးကို မည်သူမဆို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ အရွယ်ရောက်၍ အိမ်ထောင်ပြုလာသည်နှင့် ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ကြရမည်ဖြစ်ပါသည်။ ထိုအခါ တိုက်ခန်း (သို့) အိမ်ရာတစ်ခုကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းကို မလွှဲမသွေ ရင်ဆိုင်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းသည် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကြီးကြပ်မှုအောက်တွင် ပူးပေါင်းကာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက မြေယာအုပ်ချုပ်ရေးသမိုင်းများ၊ အသုံးချမြေယာဥပဒေများ၊ မြေအမျိုးအစားများ၊ မြို့များနှင့် ကျေးရွာမြေများ စီမံခန့်ခွဲမှုဆိုင်ရာများ၊ ခရိုင် ကော်လိတ္တော်အရာရှိ တာဝန်များ စသော ကျယ်ပြန့်သည့် မြေယာကိစ္စများ ရှင်းလင်းခြင်း၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကြီးကြပ်ရေး အာဏာပိုင်များ ဖွဲ့စည်းထားရှိခြင်း၊ အိမ်ခြံမြေအကျိုးဆောင်အဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် လျှောက်ထားရေး ကိစ္စရပ်များကို လည်းကောင်း၊ သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ငွေကြေးခဝါချ တိုက်ဖျက်ရေးကိစ္စရပ်များ (AML/CFT) ကိုလည်းကောင်း၊ ဥပဒေပညာရှင်များက အိမ်ခြံမြေရောင်းဝယ်/ငှား လိုက်နာကျင့်သုံးရမည့်ဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများက မြို့ပြ အိမ်ရာဆိုင်ရာ လိုက်နာကျင့်သုံးရမည့် အချက်များကိုလည်းကောင်း၊ တက္ကသိုလ်ပါမောက္ခ (အငြိမ်းစား) များ ပါဝင်သော ဆရာများက စိတ်ပိုင်းဆိုင်ရာ ပြုပြင်လိုက်နာရမည့် အချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) မှ တာဝန်ရှိပုဂ္ဂိုလ်များက အိမ်ခြံမြေ အသင်းသူအသင်းသားများလိုက်နာရမည့် စည်းကမ်းများ၊ ကျင့်ဝတ်သိက္ခာများ၊ ရောင်းမှား/ဝယ်မှား မရှိစေရန် စိစစ်စစ်ဆေးရမည့် အချက်များ၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို လည်းကောင်း သင်တန်းကာလ နှစ်ရက်တာကာလအတွင်း သင်ကြားပေးလျက်ရှိပါသည်။ အိမ်ခြံမြေ အသိပညာပေးသင်တန်းများကို လစဉ်ပို့ချလျက်ရှိရာ ယခုဆိုလျှင် တစ်နိုင်ငံလုံးအနေဖြင့် သင်တန်းသားပေါင်း တစ်သောင်းကျော် အပတ်စဉ် (၄၄/၂၀၂၄) အထိ၊ နောက်ဆုံးသင်တန်း တက်ရောက်ခဲ့သည့် အသင်းသားနံပါတ် (၁၂၇၂၉) အထိ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

"မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA) အသင်းကြီးသည် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး မိမိတို့၏ ကျရာအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ အဓိကမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန် ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့် မြို့ရွာအိုးအိမ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကန်ထရိုက်ဆောက်လုပ်သူများ၊ အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်သူများ ရင်းနှီးမြှုပ်နှံလာသည်နှင့် စီးပွားဖွံ့ဖြိုးတိုးတက်လာမည်"

အိမ်ခြံမြေအသိပညာပေး သင်တန်းသို့ ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)များ၊ ညွှန်ကြားရေးမှူး/ ဒုတိယညွှန်ကြားရေးမှူး/ လက်ထောက်ညွှန်ကြားရေးမှူး (အငြိမ်းစား)များ၊ တပ်မတော်အရာရှိ (အငြိမ်းစား)များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိ(အငြိမ်းစား)များ၊ တက္ကသိုလ်ပါမောက္ခ(အငြိမ်းစား)များ၊ တိုင်းဥပဒေအရာရှိ(အငြိမ်းစား)များ၊ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမ(အငြိမ်းစား)များ၊ သဘင်္ဘာကပ္ပတိန်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ဒါရိုက်တာအဖွဲ့ဝင်များ၊ လူထုလူတန်းစား အလွှာအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ အပါအဝင် တက်ရောက်လေ့လာခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။

မိမိတို့ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) သည် ကိုယ်ကျင့်တရား ကောင်းမွန်သော အိမ်ခြံမြေလုပ်ငန်း အတွေ့အကြုံရှိသော ဌာနဆိုင်ရာများ၊ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များနှင့် စုစည်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)နှင့် အပေါင်းလက္ခဏာဆောင်သော ပူးပေါင်းဆောင်ရွက်မှုနှင့် ၂၀၁၈ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအတိုင်း ယုံကြည်စွာ လိုက်နာ၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

### မြေကြောင့် ကြီးပွားချမ်းသာ

အိမ်ခြံမြေလုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်သော လုပ်ငန်းတစ်ခုဖြစ်ပြီး အချို့ဝန်ထမ်းများက အိမ်ခြံမြေလုပ်ငန်းကို မသိနားမလည်၍ မိမိတစ်သက်တာ စုဆောင်းထားသော ငွေကြေးဖြင့် တစ်အိုးတစ်အိမ်ထူထောင်ရန် ဝယ်ယူသည့်အခါ ရောင်းမှား၊ ဝယ်မှားဖြစ်ပြီး ငွေကြေးဆုံးရှုံးမှုများ ကြုံတွေ့ရသည့် ဖြစ်စဉ်များကို စိတ်မကောင်းစွာ ကြားသိရပါသည်။ မြန်မာနိုင်ငံတွင် ကြီးပွားချမ်းသာသော လူ ၁၀၀ ကို စနစ်တကျ စိစစ်၍ လေ့လာကြည့်ရှုပါက ချမ်းသာသော ပုဂ္ဂိုလ်များ၏ ၆၅ ရာခိုင်နှုန်းသည် မြေကြောင့် ကြီးပွားချမ်းသာကြောင်း တွေ့ရှိရပါသည်။ ဟိုတယ်လုပ်ငန်းရှင်အချို့ နေပြည်တော်တွင် မြေဝယ်ယူခွင့်ရ၍ထိုစဉ်ကာလ မြေတစ်ဧကတန်ဖိုးသည် ရာဂဏန်းမျှသာ ရှိပါသည်။ ယခုဖွံ့ဖြိုးတိုးတက်လာသောအခါ ယခုခေတ် မြေတစ်ဧကတန်ဖိုးသည် ထောင်သောင်းဂဏန်းနီးပါး တန်ဖိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ငယ်စဉ်က လူကြီးသူမ ပြောကြားသော စကားကို ပြန်လည်ကြားယောင်မိပါသည်။

**"မြေဝယ်မကျ၊ နားထောင်ပါ"** ဆိုတဲ့ စာသားလေးပါ။ ပြည်သူတွေအနေဖြင့် မိမိပိုင်ဆိုင်သည့် ငွေကြေးနှင့် တစ်ပိုင်တစ်နိုင်ဝယ်ထားပါက ဆယ်စုနှစ်တစ်စု ဆိုလျှင် တန်ဖိုးရှိလာသည်ကို တွေ့ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်း (MRESA) အသင်းကြီးသည် နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး မိမိတို့၏ ကျရာအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိပါသည်။ အဓိကမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန် ဖြစ်ပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့် မြို့ရွာအိုးအိမ်များလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကန်ထရိုက်ဆောက်လုပ်သူများ၊ အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်သူများ ရင်းနှီးမြှုပ်နှံလာသည်နှင့် စီးပွားဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ စီးပွားတိုးတက်လာသည်နှင့်အမျှ ၎င်းတို့နှင့် ဆက်နွှယ်သော အုတ်သဲကျောက် လုပ်ငန်းလုပ်ကိုင်သူ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဆက်စပ်သော လုပ်ငန်းလုပ်ကိုင်သူ၊ ဘိလပ်မြေ၊ သံမဏိလုပ်ငန်း၊ လျှပ်စစ်နှင့် စက်ပစ္စည်းလုပ်ငန်း ၊ စက်ယန္တရားလုပ်ငန်း၊ စက်သုံးဆီရောင်းဝယ်သည့်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ ○

# ဖျာပုံမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ပုသိမ် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို မြမဥ္ဇူခန်းမ၌ ပြုလုပ်ရာ အထက(၃)ကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် "နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်" ဗီဒီယိုပြသမှုကို ကြည့်ရှုအားပေးခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဖျာပုံမြို့နယ်အတွင်းရှိ စာကြည့်တိုက် ၁၁ တိုက်အတွက် စာအုပ်စာစောင် ၂၉၇၆ အုပ်ကို လည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖျော်ဖြေရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများ၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံဆက်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပနေမှုများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး သုတဘဏ် ကျောင်းစာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ၏ စာပေလေ့လာဖတ်ရှုနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စာအုပ်စာပေများ ပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဂုဏ်ထူးရရှိသူများနှင့် ထူးချွန်ဆုရရှိသူများအား ဆုပေးအပ်ပွဲကျင်းပ

**ဗိုလ်တထောင် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင်တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများနှင့် တိုင်းဒေသကြီးအဆင့်/ခရိုင်အဆင့် ထူးချွန်ဆုရရှိသူများအား ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဗိုလ်တထောင်ခရိုင် ပညာရေးမှူး ဒေါက်တာခင်သူဇာစိန်က ဆုပေးပွဲအခမ်းအနားကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လေးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး စုစုပေါင်း ၃၆ ဦး တို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်၊ ခရိုင်ပညာရေးမှူး ဒေါက်တာခင်သူဇာစိန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်ထူးချွန်သည့် ကျောင်းသား ကျောင်းသူများနှင့် ခရိုင်အဆင့်အခမ်းအနားနှင့် ပြိုင်ပွဲများတွင် ကူညီပံ့ပိုးလှူဒါန်းပေးကြသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြပြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)နှင့် အထက(၄) ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ


**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိသည်။ **မိုး/ဇလ**

# မော်လမြိုင်မြို့နယ်၌ မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

**မော်လမြိုင် စက်တင်ဘာ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးကျော်သူ ဦးဆောင်ကာ ယမန်နေ့နံနက်ပိုင်းက ဖေယျာသီရိရပ်ကွက်(Cyclone Shelter)တွင် မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့် လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်။



အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင်ယုနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုခဲ့ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းများနှင့် ဒေသခံပြည်သူများက ဇာတ်တိုက်လေ့ကျင့် လှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# မြိတ်မြို့၌ ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်နိုင်ရေးနှင့်စပ်လျဉ်း၍ အသိပေးနှိုးဆော်

**မြိတ် စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ယမန်နေ့နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် လိုက်လံအသိပေးနှိုးဆော်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခြင်းကို မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစန်းဦး ဦးဆောင်၍ ခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ စုပေါင်း၍ မော်တော်ယာဉ်များဖြင့် လိုက်လံ၍ အသိပေးနှိုးဆော်ခဲ့ကြပြီး လမ်းသွားလမ်းလာများအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# ဝမ်းတွင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ကျေးလက်လမ်းများအား ပြုပြင်ဆောင်ရွက်

**ဝမ်းတွင်း စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ကျေးလက်လမ်းများအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။



**ပြုပြင်ပေး**

ဝမ်းတွင်းမြို့နယ်အတွင်း စက်တင်ဘာ ၁၁ ရက်မှ ၁၄ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ကာ တချို့သော ကျေးရွာများတွင် ဖောက်လုပ်ထားသော ကျေးလက်လမ်းများ ပျက်စီးလျက်ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးရွာနှင့် ပူးပေါင်းကာ ပျက်စီးသွားသောလမ်းများအား ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် အင်းကန်းကုန်း-အင်းကန်းကြီးလမ်း (၁/၁)မိုင် အမာခံလမ်းအား ပြုပြင်ပေးခဲ့သည်။

အင်းကန်းကုန်း-အင်းကန်းကြီး ကျေးလက်လမ်းသည် အိမ်ခြေ ၇၂၆ အိမ်၊ အိမ်ထောင်စု ၇၅၄ စု၊ လူဦးရေ ၃၃၉၀ အား အကျိုးပြုလျက်ရှိပြီး အင်းကန်းကုန်း-အင်းကန်းကြီး-လက်ပတ်ကုန်း ကျေးရွာသုံးရွာကို ဆက်သွယ်သွားလာနေသော လမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**✻ လေဖိအားနည်းဆဲလ်မှ**


ဧရာဝတီတိုင်းဒေသကြီးနှင့် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ စက်တင်ဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါ လေဖိအားနည်းဆဲလ်နှင့် အကြွင်းအကျန်တိမ်တိုက်များ၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၂၅ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

### ယနေ့နေ့လယ်မှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ




## ဒဂုံမြို့နယ် စာရေးဆရာအသင်းက ကြီးမှူးသည့် ဟောပြောဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

ဒဂုံမြို့နယ်စာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် "မြတ်ပညာနှင့် အားကစားပညာ" ဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားခရိုင် ဒဂုံမြို့နယ်ရှိ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒဂုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်အေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကိုကိုနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုဦးစီးအဖွဲ့ဝင်၊ ဒဂုံမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်စန်း (စန်းနီလာဝင်း)က "မြတ်ပညာနှင့် အားကစားပညာ"ဆိုင်ရာဟောပြောဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒဂုံမြို့နယ် စာရေးဆရာအသင်း အလုပ်အမှုဆောင် ဆရာဒေါက်တာနန္ဒကျော်စွာက "မြတ်ပညာနှင့် အားကစားပညာ" ဆိုင်ရာနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးပြီး ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ဆရာဒေါက်တာနန္ဒကျော်စွာက မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့နောက် မြတ်လေးရုံမိသားစု၊ မြန်မာ့အားကစားလက်ရွေးစင်များအသင်း၊ စာရေးဆရာမ ဒေါ်ကြည်ကြည်ဝင်းဖေ့ာ်တို့က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဒဂုံမြို့နယ် မြို့မကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးကိုကိုနိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်သာယာလူမှုဖူလုံရေးရုံးက အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Kamcaine Mfg(Myanmar) Co.,Ltd. ကျင်းကျန်မြန်မာအထည်ချုပ် စက်ရုံမှ အာမခံအလုပ်သမား ဦးပြည့်စုံဟိန်းသည် ဇွန် ၂၀ ရက်တွင် လုပ်ငန်းခွင်မှ ဖယ်ရီကားဖြင့် အပြန် အလုပ်ခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမား ဦးပြည့်စုံဟိန်း၏ အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် အဆ ၃၀ ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၅၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်မိုးသီတာထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ စက်ရုံ WCC အဖွဲ့ဝင်များ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




## စက်တင်ဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာနေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်နှင့် မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် နှစ်ပေမှသုံးပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေ ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် လေးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် အမျိုးသား / အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်းရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဧည့်သည်တော်များက သဃ်န်းကျွန်းခရိုင်နှင့် မင်္ဂလာဒုံခရိုင် အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ ဗိုလ်လုပွဲအပြီးတွင်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် အသင်းများအား လည်းကောင်း၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က အမျိုးသား/အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် အသင်းများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်မှ ၂၀ရက်အထိ ကျင်းပရာ ခရိုင် ၁၄ ခရိုင်မှ အမျိုးသား/အမျိုးသမီး ပြိုင်ပွဲဝင်အသင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# မော်လိုက်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**မော်လိုက် စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားသည်။ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် စက်ချုပ်နည်းပညာသင်တန်းနှင့် ဒုတိယအကြိမ် မွမ်းမံစက်ချုပ်သင်တန်း နည်းပညာသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေး ထောက်ပံ့နိုင်မှုကော်မတီနှင့် သင်တန်းနည်းပြတို့က စံသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ရွေးချယ်ထားသူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ခြေနင်းအပ်ချုပ်စက်၊ ဘီတင်စက်၊ ထုပ်သီးရိုက်စက်၊ ခါးစက် အပါအဝင် ဆက်စပ်ပစ္စည်း ခုနစ်မျိုးတို့ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုထက်(ပြန်/ဆက်)**

# သထုံမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**သထုံ စက်တင်ဘာ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးတို့က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောကြကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



**ချောင်းဆုံ စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အထက(ရွာလွတ်)တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး လက်ဝယ်အရောက် ပြန်လည်ပေးအပ်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးသန့်ရှင်းရွှေနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ် ပြည့်ပြီးသူ နိုင်(၃)က ကျား ၅၈ ဦးနှင့် မ ၅၅ ဦး စုစုပေါင်း ၁၁၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ချက်ချင်းပြုလုပ်ပေးပြီး တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား နေ့ချင်းပြီးလက်ဝယ်အရောက် ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့်ကျေးရွာများတွင်လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘီးလင်းမြို့နယ်၌ မုန်တိုင်းဘေးနှင့် ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

**ဘီးလင်း စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများ၏အသက် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်ပွားစေရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ ယနေ့ နံနက်ပိုင်းတွင် ကန်သာယာရပ်ကွက် ရှင်ဥပဂုတ္တကန်အတွင်း မုန်တိုင်းဘေးနှင့် ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့ကို ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းကို ဘီးလင်းမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးတင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဇာတ်တိုက်လေ့ကျင့်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် 99 Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION Y YOUNGER အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ရန်ကုန်-မန္တလေးမှ**

သာစည်ဘူတာသို့ ည ၈ နာရီခွဲတွင် လည်းကောင်း၊ အမှတ်(၁၂) အစုန် လူစီးရထားသည် သာစည်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ည ၉ နာရီခွဲတွင် လည်းကောင်း၊ အသီးသီးဆိုက်ရောက်၊ ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ဘူတာစဉ်အားလုံး၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး ခရီးစဉ် အစ၊ အဆုံး တစ်ဦးလျှင် အထက်တန်းလက်မှတ်ခ ကျပ် ၁၇၀၀၀ နှင့် ရိုးရိုးတန်းလက်မှတ်ခ ကျပ် ၉၀၀၀ နှုန်းဖြင့် ယခင်နှုန်းထားအတိုင်း ပြန်လည်ပြေးဆွဲပေးမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ သာစည်-မန္တလေးရထားလမ်းပိုင်းကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မှ မန္တလေးအထိ ရထားခရီးစဉ်များကို မကြာမီ ပုံမှန်အတိုင်း ပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

**❂ ရှမ်းယူနိုက်တက်မှ**

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ထားပြီး ဝါရင့်တိုက်စစ်မှူး ကျော်ကိုကိုက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ရဲရင့်အောင်က ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၃၁ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး ရတနာပုံအသင်းက ၁၀ ပွဲကစား ၁၇ မှတ် ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်ဂိုးသမား အောင်ကိုလတ်က ရရှိသည်။

ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၁၆ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၁ ပွဲကစား ငါးမှတ် ရရှိထားသည်။

ပွဲစဉ် (၁၁) ဒုတိယနေ့ကို စက်တင်ဘာ ၂၁ ရက်တွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MNL**

■

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၅၇) ဟုခေါ်တွင်သော တိုက်၏ ၃-လွှာ (ဒုတိယထပ်)၊ မျက်နှာမူလျှင် (ညာဘက်)၊ အကျယ်အဝန်း (၁၅ပေx၆၀ပေ) အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် တိုက်ခန်းနှင့် စပ်ဆက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်အေးအေးသင့် [၁၂/ဒဂတ(ပြု) ၀၀၁၉၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုကို [၁၂/ဒဂတ(နိုင်) ၁၄၈၈၉၈]က တိုက်ခန်းအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရောက် ရရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်လိပ်စာပါ တိုက်ခန်း၏ ပိုင်ရှင်မှာ ဦးအောင်ကိုကို [၁၂/ဒဂတ (နိုင်) ၁၄၈၈၉၈]သာဖြစ်ကြောင်းနှင့် ဒေါ်အေးအေးသင့်နှင့် ပတ်သက်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆-ဘီ)၊ မြို့တွင်းအနောက်ရပ်၊ ဦးပိုင်အမှတ် (၂၇)၊ မြေဧရိယာ (၀.၂၆၄)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ရွှေမော်ဓောဘုရားလမ်း၊ အမှတ်(၃၂၉) အဆောက်အဦတို့သည် ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်းတွင် ဦးအောင်လင်း(ခ)အဖူး [၇/ပခန(နိုင်) ၁၇၉၁၃၁] ပါ (၆)ဦး အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါ မြေပိုင်ဆိုင်ကြောင်း လက်မှတ်မူရင်းသည် လုပ်ငန်းကိစ္စဖြင့် ယူဆောင်သွားစဉ် ပျောက်ဆုံးသွားပါသဖြင့် (မိတ္တူမှန်) လျှောက်ထားလိုပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်လင်း(ခ)အဖူး [၇/ပခန(နိုင်)၁၇၉၁၃၁]**
**အမှတ် (၃၂၉)၊ ရှင်စောပုရပ်ကွက်၊ ရွှေမော်ဓောဘုရားလမ်း၊ ပဲခူးမြို့။**
**ဖုန်း- ၀၉-၅၃၀၁၀၀၇**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်- ၁၃၂၊ မြေညီထပ်(တိုက်ကိုမျက်နှာမူလျှင်ဝဲဘက်ခန်း)ဟုခေါ်တွင်သော အကျယ် ၁၅ ပေ x ၄၀ ပေရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းကို မူလက ဦးအောင်ကျော်ထွန်း [၁၂/မဂတ (နိုင်) ၀၄၁၈၆၅] လက်ရှိထား နေထိုင်ပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပြီး ယင်းတိုက်ခန်းကို ဦးအောင်ကျော်ထွန်းက လွှဲပြောင်းရယူစဉ် ပြုလုပ်ချုပ်ဆိုခဲ့သော လွှဲပြောင်းစာချုပ်မှာ ပျောက်ဆုံးနေသော်လည်း ဦးအောင်ကျော်ထွန်း ပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပါသည်။

ယခုအခါဖော်ပြပါတိုက်ခန်းကို ဦးအောင်ကျော်ထွန်းက ၂၀-၆-၂၀၁၉ ရက်နေ့တွင် ဦးခင်မောင် [၁၂/မဂတ (နိုင်) ၀၀၉၀၆၆]အား ရောင်းချခဲ့ပြီး ဦးခင်မောင်ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဦးထွန်းဝင်း [၁၂/တမန(နိုင်) ၁၀၁၀၈၄]က ၆-၉-၂၀၂၄ ရက်နေ့တွင် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းကို ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူခဲ့ပြီး လက်ရှိထားနေထိုင်လျက်ရှိသော တိုက်ခန်းဖြစ်ပါကြောင်းနှင့် အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးလုရွှေ** | **ဒေါ်မြသက်ဝင်း** |
| **(စဉ်- ၈၉၁၂) (၂၁-၃-၂၀၁၃)** | **(စဉ်- ၁၈၉၉၄) (၂၂-၁၂-၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်- ၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊**
**၄-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၇၉၇၈၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၆

| | | |
|---|---|---|
| ဦးသိန်းလွင် | နှင့် | ဦးတင်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အခန်းအမှတ်-၀၀၄၊ ကျန်စစ်မင်းအိမ်ရာ၊ (၈)ရပ်ကွက်နေ တရားပြိုင် ဦးတင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းလွင် ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်၊ (၁၃၈၆ ခု၊ တော်သလင်းလဆုတ် ၁၄ ရက်) နေ့မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြင့်မြင့်ဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(၁)ရပ်ကွက်၊ သုမိတ္တာ(၂၃)လမ်း၊ တိုက်အမှတ်(၈၈၈)အခန်း(3A)ဒုတိယထပ်(ညာဘက်အခြမ်း)ရှိ တိုက်ခန်းအကျယ်အဝန်း(အလျား ၁၂ ပေခွဲ x အနံ ၅၀ ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်မောင်အေး [၉/ခအဇ(နိုင်)၀၁၂၃၆၇] အမည်ဖြင့် မှတ်သားထားပြီ လက်ရှိပိုင်ဆိုင်ထားသော ဦးတင်မောင်အေး [၉/ခအဇ(နိုင်)၀၁၂၃၆၇]နှင့် ဒေါ်ခင်ခင်ရီ [၁၂/စခန(နိုင်)၀၅၄၄၇၉] တို့မှ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၇)လမ်း၊ အမှတ်(၂၇၄) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၃½)ထပ် အဆောက်အဦးမှ မြေညီထပ်+ထပ်ခိုး (မှန်ခန်း)၊ ယာဘက်၊ ခြေရင်းခန်း၊ အကျယ်အဝန်း ( ၁၂½ × ၅၀ )ပေစီရှိ တိုက်ခန်း (၂)ခန်း နှင့် ယင်း တိုက်ခန်းများပေါ်ရှိ လူနေထိုင်ခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိ အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လျက်ရှိပြီး ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးလင်းအောင် (ဘ) ဦးသန်းမြင့် ( ၉/မထလ (နိုင်) ၂၁၇၁၅၃ ) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ( ၁၉ - ၉ - ၂၀၂၄ ) ရက်နေ့တွင် ရောင်းဘိုးငွေ၏ ထက်ဝက်ကျော်ကို စရံငွေအဖြစ် ပေးအပ်ပြီး ဖြစ်ပါသည်၊ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစင်မောင်ရို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ၀၉-၄၃၀၈၈၅၄၉

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၌ ဦးချစ်ထွေး TTA-၀၆၈၅၈၂ အမည်ဖြင့် မှတ်သားတည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၉၊ ရွှေသဇင်လမ်းသွယ်- ၁၊ မြေကွက်အမှတ် (၁၅၅၈) ဟုခေါ်တွင်သော ပါမစ်မြေ အကျယ်အဝန်း (၄၀ပေx၆၀ပေ)အနက်မှ မြေကွက်အမှတ် (၁၅၅၇)နှင့် ကပ်လျက်ဖြစ်သော အကျယ်အဝန်း (၂၀ပေx ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်) ၀၁၆၈၅၇]မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(၁) ဦးရန်နိုင်ကျော် [၈/ရစက(နိုင်)၁၇၈၈၂၂]** | **ဒေါ်ထူးသဉ္ဇာဦး(LL.B)** |
| **(၂) ဒေါ်မေသူဇာလှိုင် [၅/အရတ(နိုင်)၁၁၇၁၆၇]** | **(စဉ် - ၁၆၄၈၃)** |
| **(၃) ဒေါ်ဖြိုးဖြိုးသက် [၈/ရစက(နိုင်)၂၂၂၁၀၁]** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ် (၁၅၈၇)၊ ကုမုဒြာလမ်း၊** |
| | **၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း- ၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၂၅၄၂၉၅၇၃၄** |

## “ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း”

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနလက်အောက်ရှိ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းအတွင်း (၁၀ပေx ၁၅ပေ)အကျယ် သဇင်ဆောင်၊ အခန်းအမှတ်(၁၇)အား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးတင့်လွင် [၁၂/မရက(နိုင်) ၁၃၁၅၉၁] ထံမှ ဦးတင်ထွန်း [၁၂/မဂတ (နိုင်) ၀၇၁၄၄၀]သည် နှစ်ဦးသဘောတူဆိုင်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပြီး၊ ဆိုင်ခန်းဝယ်ယူသူ ဦးတင်ထွန်း [၁၂/မဂတ(နိုင်) ၀၇၁၄၄၀]သည် (၁၁-၇-၂၀၂၄)ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ပါသောကြောင့် ကွယ်လွန်သူ ဦးတင်ထွန်းတွင် အခြားအမွေစားအမွေခံ ဇနီးမယား လုံးဝ(လုံးဝ) မရှိပါကြောင်းနှင့် အဆိုပါဆိုင်ခန်းအမည်ပေါက်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ခွင့်ရှိသူ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ် MANJULA [၁၂/တမန(ပြု) ၀၀၀၇၈၅] အမည်သို့ အမည်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားအပြည့်အစုံဖြင့် ယခုကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ ကွပ်ကဲမှုရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း**
**LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း- ၀၉-၄၂၀၀၃၁၃၅၂**

## “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်- ၈၂/၃၃၊ မြေကွက်အမှတ်-(၇၇၇/ခ)၊ (၁၀)ရပ်ကွက်၊ ညောင်ရွှေလမ်းနှင့် အောင်ချမ်းသာလမ်းထောင့်ရှိ အကျယ်အဝန်း (၂၀ပေx ၆၀ပေ) ပါမစ်အမည်ပေါက် ဦးသန်းမောင် (AJ-018046) မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေ၊ မီးစုံပါ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးလင်းထိုက် [၁/မကတ(နိုင်) ၀၈၄၃၇၇]မှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်သက် [၁၂/ဒလန(နိုင်) ၀၄၁၅၈၇]က ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သင်းဇာထွေး(LL.B, D.B.L)** | **ဒေါ်လှဝတ်ရည်(LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၁၅)** |

**အမှတ်(၃၀)၊ သုခလမ်း၊ မြေနီကုန်း(မ)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-253809997, 09-779925679**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ် (၂၆)၊ အကျယ်အဝန်း (၃၆'x၉၃')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်မှာ ဦးအောင်ဇင် [၁၂/မဂတ(နိုင်) ၀၈၆၈၉၈] မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကာ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပြောဆိုဝန်ခံပြီး၊ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုးငွေ၏တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသောအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဖြူဖြူလွင် (စဉ်-၁၀၃၆၃) (LL.B, D.B.L, D.M.L, D.I.L)** | **ဒေါ်မွန်မွန်စိုး (စဉ်- ၁၁၀၃၅) (LL.B, D.B.L)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၄၀၆၇၄၂၃၊ ၀၉-၉၇၇၁၂၁၂၂၃**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ် (၁၂၆၉)၊ ဧရိယာ (၀.၀၅၅) ဧကအကျယ်ရှိ ဒေါ်သီတာမြင့်အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဧရာဝတီဘဏ်တွင် အာမခံထား၊ ပေါင်နှံထားခြင်းမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ အာမခံထား၊ ပေါင်နှံထားခြင်းမရှိကြောင်းနှင့် တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သီတာမြင့် (၁၂/လမန(နိုင်) ၀၉၁၂၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခိုင်ခိုင်စန်း | ဒေါ်နှင်းနုလွင် |
| ( LL.B, D.B.L, D.I.L ) | ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အနံ့ဇုန်၊ မြေကွက်အမှတ်–၄၁၊ (အလျား ၆၀ ပေ x အနံ ၈၀ ပေ)မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေနေရာချထားခြင်းအခွန်ဌာနတွင် ဒေါ်သန်းရွှေ (ZIN–၀၇၃၂၀၆) အမည်ဖြင့် မှတ်သားတည်ရှိနေပြီး ယင်းအနံ့ဇုန်မြေကွက်သည် ယခုအခါ အရပ်ခေါ် (အနံ့ဇုန်–၄)၊ ရန်ကုန်လမ်း၊ ၁၇၄–ရပ်ကွက်ဟုခေါ်တွင်သော မြေဖြစ်ကြောင်း သိန်း(၄၀)ငွေသွင်းချလန်စာရွက်မူရင်း/မိတ္တူ နှင့် အမည်ပေါက်ဖြစ်သူ ဒေါ်သန်းရွှေ (ZIN–၀၇၃၂၀၆)ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ အမှတ်(၁၃၄)၊ (၂၁)လမ်း၊ ၆/ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးမောင်မောင်သန်း [၁၂/လမတ(ဧည့်)၀၀၀၂၃၁] သည် အဆိုပါမြေအား မိမိမှ ဝယ်ယူပိုင်ဆိုင်လက်ရှိထားသောမြေဖြစ်သောကြောင့် မိမိမှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ယင်းမြေနှင့်ပတ်သက်သည့် ပါမစ်မူရင်းနှင့် သိန်း(၄၀)ငွေသွင်းချလန်စာရွက်မူရင်း/မိတ္တူ အစဉ်အဆက် စာချုပ်မူရင်းတို့ကိုပြသ၍ ရောင်းချရန်ကမ်းလှမ်းရာ ၎င်းကမ်းလှမ်းပြောဆိုသည့် တန်ဖိုးငွေအတိုင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ သဘောတူသောကြောင့် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။
၂။ အထက်အပိုဒ်(၁)ပါ မြေရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ရုံးချိန်၌ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်စိမ့်စိမ့်မွေး တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၉၁၇)**
**ဖုန်း–၀၉–၄၄၃၁၀၈၅၂၉၊ ၀၉–၇၉၈၁၆၈၀၈၇**
**အမှတ်(၁၀/၁၂)၊ အခန်း(၁၀၄/I)၊ ပထမထပ်၊ (၃၅)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကညင်ပင်(၄)လမ်း၊ ဦးပိုင်အမှတ်(၁၇၁/၅)၊ ကွင်းအမှတ်(၆၆၉)၊ ဧရိယာဧက(၀.၀၅) ရှိ ဒေါ်ခင်မာလွင်အမည်ပေါက် (အလျားxအနံ) (၂၈. ၅ ပေ x ၇၆ ပေ) ခြံနှင့်နေအိမ်ကို ဒေါ်ခင်မာချို [၁၂/သလန(နိုင်)၀၉၃၂၃၃] မှပိုင်ဆိုင်သည့် နေအိမ်နှင့် ခြံမြေကွက်ကို ၎င်းမှ ရောင်းချမည်ဆိုသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၈)လမ်း၊ အမှတ်(၇)နေ ကျွန်ုပ်၏အသိမိတ်ဆွေ ဒေါ်သင်းသင်းစိုး[၁၂/မဂတ(နိုင်)၀၆၅၉၉၀] မှ(၁၉–၉–၂၀၂၄) ရက်နေ့တွင် စရန်ငွေတချို့ ပေးချေခဲ့ပါသည်။ ကျွန်ုပ်၏အသိမိတ်ဆွေမှ ဒေါ်ခင်မာချိုအား အထက်တွင်ဖော်ပြသော အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ စရန်ငွေပေးချေပြီးဖြစ်၍ အပြီးသတ်ရောင်းဖိုးငွေများကို စရန်ငွေပေးချေသည့်နေ့မှ (၄၅)ရက်အတွင်း ထပ်မံပေးချေ၍ အပြီးသတ်အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ပြုလုပ်မည်ဖြစ်သော အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၄၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်နေခြည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၁၇၀) (၂၃–၁၂–၂၀၁၄)**
**အမှတ်(၄၅၂)၊ကံဦးကျောင်းလမ်း၊ဘုရားကုန်း၊ သန်လျင်မြို့။**
**Ph:09–422692152**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၉)၊ ဇာနည်(၁၁)လမ်း၊ မြေကွက်အမှတ်(၄၂၅/က)၊ မြေအကျယ်အဝန်း ( ၂၀ ပေ x ၆၀ ပေ)၊ (၁၂၀၀)စတုရန်းပေ၊ ဦးအောင်ကျော်(ဘ)ဦးထွန်းမောင် [၁၃/တကန(နိုင်)၀၁၇၄၀၇] နှင့် ဒေါ်နန်းဝင်းဝင်းခမ်း(ခ)နန်းဖောင်းစံ(ဘ)ဦးချစ်ဝင်း [၁၃/တကန(နိုင်)၀၁၄၄၅၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော (၁)ခန်းတွဲ၊ (၃)ထပ်(RC) အမျိုးအစား အဆောက်အဦ နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးအောင်ကျော်(ဘ)ဦးထွန်းမောင် [၁၃/တကန(နိုင်)၀၁၇၄၀၇] နှင့် ဒေါ်နန်းဝင်းဝင်းခမ်း(ခ)နန်းဖောင်းစံ(ဘ)ဦးချစ်ဝင်း [၁၃/တကန(နိုင်)၀၁၄၄၅၅] ကိုင်ဆောင်သူတို့ထံက မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေ ညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသူသူမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၆၂၆/၂၄–၁၀–၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊ လှည်းကူးမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09795382460, 09420298613**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းနှင့် ကျွန်းတောလမ်းထောင့်၊ Junction Square Project ၏ Crystal Residence ဟုအမည်ခေါ်တွင်သည့် တိုက်အမှတ်–(B)၊ (၈–လွှာ)၊ ကွန်ဒိုတိုက်ခန်း အခန်းအမှတ်(၀၈၀၄)၊ အခန်းအကျယ်အဝန်း ဧရိယာ (984 sqft) အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်နိုင် [၁၂/ပဘတ(နိုင်)၀၀၈၈၁၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၃၅၈)**
**အမှတ်–၅၀၊ ပထမထပ်၊ အခန်းအမှတ်(A–1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၆၄၆၆၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### မရမ်းကုန်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၂

| | | |
|---|---|---|
| ၁။ဦးအိုက်လင်း | နှင့် | ၁။ ဦးစိုးထွန်း |
| ၂။ ဒေါ်သဒ္ဓါဦးလှိုင် | | ၂။ ဒေါ်နိုင်နိုင်လင်း |
| | | ၃။ ဦးအောင်ပိုင်ပိုင်ထွန်း |
| | | ၄။ ဦးအောင်နိုင်ထွေး |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ၉–လမ်း၊ မြို့သစ်(ခ)၊ အမှတ်(၈၈၆/က) တွင်နေထိုင်သူ ဦးအောင်နိုင်ထွေး (ယခုနေရပ်လိပ်စာမသိသူ) သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သည့် ဦးအိုက်လင်းနှင့် ဒေါ်သဒ္ဓါဦးလှိုင်တို့က "ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာမရှိဘဲ တရားလိုပိုင်မြေအတွင်း ကျူးကျော်ဝင်ရောက် ဆောက်လုပ်နေထိုင်နေသည့် နေအိမ်အဆောက်အအုံအား ဖျက်သိမ်းဖယ်ရှားထွက်ခွာပြီး မြေကွက်လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ရှေ့နေနှင့်ဖြစ်စေ၊ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက် (၁၃၈၆ ခု၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၁) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်များကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက် တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုမြတ်မွန်)**
**မြို့နယ်တရားသူကြီး**
**မရမ်းကုန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### မရမ်းကုန်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၃

| | | |
|---|---|---|
| ၁။ ဦးအိုက်လင်း | နှင့် | ၁။ ဦးစိုးထွန်း |
| ၂။ ဒေါ်သဒ္ဓါဦးလှိုင် | | ၂။ ဒေါ်နိုင်နိုင်လင်း |
| | | ၃။ ဦးအောင်ပိုင်ပိုင်ထွန်း |
| | | ၄။ ဦးအောင်နိုင်ထွေး |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ၉–လမ်း၊ မြို့သစ်(ခ)၊ အမှတ်(၈၈၆/က) တွင်နေထိုင်သူ ဦးအောင်နိုင်ထွေး (ယခုနေရပ်လိပ်စာမသိသူ)သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ် သည့် ဦးအိုက်လင်းနှင့် ဒေါ်သဒ္ဓါဦးလှိုင်တို့က "အင်းစိန်မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်–၂၈/၂၀၂၂ တွင် ချမှတ်သည့် (၃၀–၁၂–၂၀၂၂) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီသည် တရားလိုများအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ရှေ့နေနှင့်ဖြစ်စေ၊ သင့်ကိုယ်စားလှယ် နှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက် (၁၃၈၆ခု၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၁) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်များကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက် တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုမြတ်မွန်)**
**မြို့နယ်တရားသူကြီး**
**မရမ်းကုန်းမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂(သမိုင်း) ၊ မြေကွက်အမှတ်-၆/ခ–၂+၆/က–၁/၃၊ ဧရိယာ-၀.၂၆၀ဧက အကျယ်အဝန်းရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်ခွဲ၊ မောရဝတီလမ်း၊ အမှတ်-၁၃၃/၂ ဟုခေါ်တွင်သည့် မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံကို ပေးကမ်းသူ ဒေါ်ခင်မာမာ (၁၂/ဗဟန(နိုင်)၀၃၈၉၇၂)မှ ပိုင်ဆိုင်ပြီး သားအရင်းဖြစ်သော ဦးအောင်သန့် (၁၂/ဗဟန(နိုင်)၀၉၀၆၅၆)အား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ အဆိုပါမြေနှင့်အဆောက်အအုံကို ပေးကမ်းခြင်းကိုလက်ခံသူမှ တရားဝင်ပိုင်ဆိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ အဆိုပါ မြေနှင့်အဆောက်အအုံအား မေတ္တာနှင့်အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက မေတ္တာနှင့်အပိုင်ပေးကမ်းခြင်းကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀ ၁၆၃၅၂၊ ၀၉-၅၅ ၀၆၅၅၆။

## ပတ်စ်ပို့ပျောက်

(ဘ)ဦးစိုင်းမောင် ၏သမီး ရွှေလွတ်လပ် [၁/ဟပန(နိုင်)၀၁၅၄၆၅] ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH–921030) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၂၇၂၅၇၃၀၁၊ ၀၉–၇၈၅၆၆၅၃၉၁**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးမောင်လှိုင် ၏သား ကျော်လင်းအောင် [၈/နမန(နိုင်)၁၂၁၈၅၀] ၏ နိုင်ငံကူးလက်မှတ် (MD–245975) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း–၀၉–၄၅၀၀၅၄၆၁၅**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (၄) ကျောင်း (၂၀၂၄–၂၀၂၅) ပညာသင်နှစ်၊ Grade–11 တန်းခွဲ(A)မှ မသော်တာစိုး၏ ဖခင်အမည်မှန်မှာ စောမြင့်စိုး [၃/ဘအန(နိုင်)၁၆၅၂၅၅] ဖြစ်ပါကြောင်း။
**စောမြင့်စိုး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၉၂၂)၊ မြေကွက်တည်နေရာအမှတ်–၉၂၂၊ ဘုရင့်နောင်လမ်း၊ ၄၃–ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးတင်အောင် (PME–၁၀၈၇၅၁) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်အောင် (ခင်ပွန်း)ဖြစ်သူ ကွယ်လွန်သဖြင့် ၎င်း၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်နုရီ [၁၂/လမန(နိုင်)၀၆၃၇၂၉]မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ အခြားဇနီး/မယား တစ်ဦးတစ်ယောက်မှုမရှိကြောင်း အထက်ပါမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားကျန်ရစ်သူဇနီးဖြစ်သည့် မိမိသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်နုရီမှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၇)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ် (၅၈)၊ အခန်းအမှတ် (9A), Yadanar River View Condo, အကျယ်အဝန်း (၁၈၉၀)စတုရန်းပေရှိ ၉ လွှာကွန်ဒိုတိုက်ခန်း ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်သိန်း (၁၂/မဂတ(နိုင်)၀၄၃၃၉၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်ခင်အေးမြင့် (စဉ်–၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၇၈)၊ မြေညီ၊ ၃၄ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၈၆၀၄၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊မြေကွက်အမှတ်(၁၆၁)၊ဧရိယာ(၆၀'×၆၀')စ/ပေ၊မြေကွက်တည်နေရာအမှတ်(၁၆၁)၊(၃၀)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ဦးညွန့်ဝင်း(O/RGN-၀၀၀၉၀၉)အမည်ပေါက်၊ပါမစ်မြေအားပါမစ်မြေအမည်ပေါက်ဦးညွန့်ဝင်း(O/RGN-၀၀၀၉၀၉)ထံမှအရပ်ကတိအရောင်းစာချုပ်ဖြင့်ဝယ်ယူထားသူဦးသိန်းလွင်(၁၂/ကတတ(နိုင်)၀၁၅၉၄၁)မှအိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ၊မိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊နိုင်ငံသားစိစစ်ရေးကဒ်၊ဆက်စပ်အရပ်ကတိအရောင်းစာချုပ်တို့သာတင်ပြ၍ပါမစ်(မစုံ)ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### မရမ်းကုန်းမြို့နယ်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၅

| | | |
|---|---|---|
| ၁။ ဦးအိုက်လင်း | နှင့် | ၁။ ဦးစိုးထွန်း |
| ၂။ ဒေါ်သဒ္ဓါဦးလှိုင် | | ၂။ ဒေါ်နိုင်နိုင်လင်း |
| | | ၃။ ဦးအောင်ပိုင်ပိုင်ထွန်း |
| | | ၄။ ဦးအောင်နိုင်ထွေး |
| **( တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ ၉–လမ်း၊ မြို့သစ်(ခ)၊ အမှတ်(၈၈၆/က) တွင်နေထိုင်သူ ဦးအောင်နိုင်ထွေး (ယခုနေရပ်လိပ်စာမသိသူ)သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သည့် ဦးအိုက်လင်းနှင့် ဒေါ်သဒ္ဓါဦးလှိုင်တို့က "တရားလိုများဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ထားသည့်မြေကွက်ကို မည်သည့်အခါမျှ ထိပါးနှောင့်ယှက်ခြင်းမပြုရန် ထာဝရတားဝရမ်းထုတ်ဆင့်တားမြစ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ရှေ့နေနှင့်ဖြစ်စေ၊ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက် (၁၃၈၆ခု၊ သီတင်းကျွတ်လဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၁) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်များကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက် တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုမြတ်မွန်)**
**မြို့နယ်တရားသူကြီး**
**မရမ်းကုန်းမြို့နယ်တရားရုံး**

# ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)ဗိုလ်လောင်းများ ခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) (M.B.B.S) သို့မဟုတ် (B.D.S) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာ တက္ကသိုလ်မှ (Grading Certificate) အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး အောက်တိုဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၉။ သတ်မှတ်အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များအား တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်
# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး



## ရင်ပြင်တော်ခင်းရန် နေပူခံ စကျင်ကျောက်ပြားများ အလှူခံ နိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးကုန်းမြေတွင် မြတ်စွာဘုရားရှင်၏ သရီရဓါတ်တော် များနှင့်အဂ္ဂသာဝက ကြီးနှစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ ဓါတ်တော်များ ကိန်းဝပ် စံပါယ် အပူဇော်ခံလျှက်ရှိသည့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ကွဲအက်ပျက်စီးနေသော နေပူခံ စကျင် ကျောက်ပြားများကို အဆင့်မြင့် နေပူခံ စကျင်ကျောက်ပြားများဖြင့် အစားထိုး ပြုပြင် ခင်းကျင်းပူဇော်မည်ဖြစ်ပါသဖြင့်

အဆင့်မြင့် နေပူခံစကျင်ကျောက်ပြား (၁ ပေ × ၁ ပေ) တစ်ချပ်လျှင် ၅၀၀၀ိ/ – နှုန်းဖြင့် အချပ် ၂၀ လျှင် ၁ သိန်းကျပ်၊ အချပ် ၁၀၀ (တစ်ကျင်း) လျှင် ၅ သိန်းကျပ် နှုန်းဖြင့် ပါဝင် လှူဒါန်းနိုင်ကြပြီး၊ ငွေကျပ် ၁ သိန်းနှင့် အထက် အလှူရှင်များကို ကြေးမုံသတင်းစာတွင် သာဓုအနုမောဒနာ ဂုဏ်ပြုလွှာ ထည့်သွင်း ဖော်ပြပေးသွားမည် ဖြစ်ပါသဖြင့် သဒ္ဓါကြည်လင် ပါရမီရှင်များမှ မိမိတို့ တတ်စွမ်းသမျှ ကုသိုလ်ယူ ပါဝင် လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာ နိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များ။ ၀၉ ၄၂၅၀၁၂၅၂၁ ၊ ၀၉ ၉၇၉၆၃၀၉၂၅ ၊ ၀၉ ၇၉၉၃၀၉၄၉၉

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**IRD's Tax Payment Hub Portal တွင် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ရုံးများသို့ အခွန်ပေးဆောင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းပြည်သူများ အခွန်ပေးဆောင်ရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးဆောင်နိုင်မည့်နည်းလမ်းများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှုကွန်ရက်စနစ် (CBM–NET)မှ တစ်ဆင့်လည်းကောင်း၊ MPU E–Commerce ကိုအသုံးပြု၍ Online မှလည်းကောင်း ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးဆောင်နိုင်မည့် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) e–Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍ Online မှ အခွန်ငွေ ပေးဆောင်ခြင်း **(https://www.ird.gov.mm မှတစ်ဆင့် အခွန်ငွေပေးသွင်းခြင်း)**၊

(ခ) **မိုဘိုင်းအီလက်ထရောနစ်ငွေပေးချေမှုစနစ်** သို့မဟုတ် ပုဂ္ဂလိကဘဏ်များတွင် ဖွင့်လှစ်ထားသော ငွေစာရင်းမှ CBM–NET System ရှိ CCT Function ကို အသုံးပြု၍ အီလက်ထရောနစ်နည်းဖြင့် အခွန်ငွေပေးသွင်းခြင်း။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အထက်ပါနည်းလမ်းများအပြင် ဦးစီးဌာန၏ Website မှ တစ်ဆင့် Multi–Channel Tax Payment Platform အနေဖြင့် အသုံးပြုအခွန်ငွေပေးဆောင်နိုင်ရန် အတွက် IRD's Tax Payment Hub Portal အား အကောင်အထည်ဖော်ခဲ့ရာ ပထမအဆင့်အနေဖြင့် ၁–၉–၂၀၂၄ ရက်နေ့မှစ၍ ယူအေဘီဘဏ် (uab Bank) ၏ uab Pay နှင့် uab Banking ဖြင့် လည်းကောင်း၊ e–Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍လည်းကောင်း အခွန်ငွေပေးသွင်းနိုင်ရန် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အဆိုပါ IRD's Tax Payment Hub Portal မှတစ်ဆင့် အခြားသောဘဏ်များနှင့် မိုဘိုင်းငွေရေး ကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ပေးသွင်းနိုင်ရန် စနစ်ပိုင်းချိတ်ဆက်ပြီးချိန်တွင်လည်း အချိန်နှင့်တစ်ပြေးညီ အသိပေးသွားမည်ဖြစ်ပါသည်။

၅။ IRD's Tax Payment Hub Portal မှတစ်ဆင့် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)တို့မှ ကုမ္ပဏီအဖွဲ့အစည်းအခွန် ထမ်းများနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (၁၁၁)ရုံးတို့မှ တစ်ဦးချင်း ပုဂ္ဂိုလ်အခွန်ထမ်းများသည် e–Commerce ဖွင့်လှစ်ထားသော MPU Debit Card ကိုအသုံးပြု၍ Online မှလည်းကောင်း၊ ယူအေဘီဘဏ် (uab Bank) ၏ uab Pay နှင့် uab Banking တို့ဖြင့် အခွန်ငွေပေးဆောင်နိုင်သည့် အပြင် လက်ရှိကျင့်သုံးလျက်ရှိသော ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အီလက်ထရောနစ်ငွေပေးချေမှု နည်းလမ်းများဖြင့်လည်း ဆက်လက်ပေးဆောင်နိုင်ပါသည်။

၆။ အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်နည်းလမ်းကိုအသုံးပြု၍ အခွန်ငွေပေးဆောင် ခြင်းဖြင့် မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို အချိန်မရွေး လွယ်ကူ လျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊ ငွေကြေးကိုင်တွယ်မှုလျှော့ချနိုင်ခြင်း၊ မိမိနှင့်သက်ဆိုင်သော အခွန်ငွေ ပေးသွင်းခဲ့သည့်အချက်အလက်များကို ဦးစီးဌာန၏ Data Center ရှိ Database တွင် သိမ်းဆည်း ထားသဖြင့် စနစ်တွင် မှတ်ပုံတင်(Register)ပြုလုပ်၍ ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ခြင်း၊ ထိုသို့ စစ်ဆေးနိုင်ခြင်းကြောင့် ငွေကြေးဆုံးရှုံးမှု၊ အလွဲသုံးစားမှုနှင့် မသမာမှုဖြစ်ပွားခြင်းအန္တရာယ်တို့ကို ကြိုတင်ကာကွယ်နိုင်ခြင်းဟူသည့် ကောင်းကျိုးများကို ခံစားရမည်ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ကုမ္ပဏီအဖွဲ့အစည်းအခွန်ထမ်းများသည် အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကို အသုံးပြု၍လည်းကောင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်အခွန်ထမ်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် (သို့မဟုတ်) အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) ကိုအသုံးပြု၍လည်းကောင်း၊ မြန်မာနိုင်ငံ အတွင်းရှိ အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော https://www.ird.gov.mm ၏ Homepage ရှိ e–Payment Menu Link မှတစ်ဆင့် (သို့မဟုတ်) https://onlinepayment.ird.gov.mm Link မှတစ်ဆင့် IRD's Tax Payment Hub Portal သို့ ဝင်ရောက်အသုံးပြုနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၈။ အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်နည်းလမ်းကိုအသုံးပြု၍ အခွန်ငွေပေး ဆောင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး (ရန်ကုန်) (၀၁–၈၃၈၉၃၁၁၊ ၀၁–၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) (၀၆၇–၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂–၄၀၃၀၁၀၉၂၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစင်တာ (e–Service Help Desk Center) (၀၁–၈၃၇၈၃၇၁၊ ၀၁–၈၃၇၀၁၉၅၊ ၀၁–၈၃၇၉၀၂၁) နှင့် သက်ဆိုင်ရာ မြို့နယ်အခွန်ရုံးများထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၅)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၃၃၄)၊ ဓညဝတီ(၂)လမ်း၊ မြေဧရိယာပေ(၄၀x၆၀)ရှိ ဦးခင်မောင်ဝင်း(၃) ပါမစ်အမည် ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက် ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်နိုင်ဦး [၇/ပမန(နိုင်)၀၀၀၅၅၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သန်း [၁၂/တတန(နိုင်)၀၃၆၅၇၆] က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ပါမစ်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse (၆) ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း–၀၉–၅၄၁၄၅၃၄၊ ၀၉–၄၂၁၀၄၃၁၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက် အမှတ်(၂၄၅)၊ မြေကွက်တည်နေရာအမှတ်(၂၄၅)၊ လှိုင်သီတာလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးစောအာလီဂျာမိုး) (ISN–၂၁၅၄၄၃) အမည် ပေါက် နှစ်(၆၀)ဂရန်မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ တရားမ ကြီးမှုအမှတ်–၆၀/၂၀၂၄ဖြင့် ဦးအောင်လင်းထွဋ်နှင့် ဦးသူရကျော်တို့မှ(တရားလို) ပြု၍ ဦးစောအာလီဂျာမိုးအား(တရားပြိုင်)ထားကာ "ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" ဖြင့် စွဲဆိုခဲ့ရာ ပဋိညာဉ် အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန်စရိတ်နှင့်တကွ အနိုင်ဒီကရီချ မှတ်သည့် ၁၄–၆–၂၀၂၄ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်–၅၃/၂၀၂၄၏ နေ့စဉ်မှတ်တမ်း၊ တရားရှုံးကိုယ်စား မြေပုံ မြေရာဇဝင်ကူးယူရန်အတွက်ဘီလစ် ခန့်အပ်ကြောင်း (၁၅–၇–၂၀၂၄)ရက်စွဲပါအကြောင်းကြားစာ၊ နှစ်(၆၀)မြေငှား စာချုပ် (ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လွဲ့လွဲ့ခိုင်မှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက် တွင် ဘဏ်–၄ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ထားသည့်မှတ်ချက်နှင့် ပတ်သက်၍ တရားရုံးအနိုင်ဒီကရီဖြင့် လျှောက်ထားခြင်းဖြစ်သဖြင့် မြေစာရင်း မှတ်ချက်ကိုသိရှိခြင်းမရှိပါကြောင်း၊ ၎င်း၏လက်ဝယ်တွင် နှစ်(၆၀)မြေငှားဂရန် မူရင်းအား လက်ဝယ်ကိုင်ဆောင်ထားပြီး မြေပြင်တွင်လည်း လက်ရှိလက်ဝယ် နေထိုင်ကြကြောင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေ ရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့်အတူ တရားနိုင်များဖြစ်သော ဦးအောင်လင်းထွဋ်နှင့် ဦးသူရကျော်တို့မှ ရှင်းလင်းတင်ပြလာပါသဖြင့် ဘီလစ် စာရေးကြီး ဒေါ်လွဲ့လွဲ့ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

လှိုင်မြို့နယ်၊ ၂ရပ်ကွက်၊ သီရိ(၅)လမ်း၊ အမှတ်(၇၅) အန္တရာယ်ရှိ အဆောက်အအုံ၏ အဆောက်အအုံသစ်ရှိ မူလနေထိုင်သူ ဦးမျိုးလွင်အမည် ဖြင့် ပြန်လည်ရရှိမည့် ပထမထပ်(ဝဲ) ဘက်အခန်းနှင့် ဒေါ်ဌေးဌေးရီအမည် ဖြင့် ပြန်လည်ရရှိမည့် ဒုတိယထပ်(ဝဲ)ဘက် အခန်းတို့အား ဦးမျိုးလွင်နှင့် ဒေါ်ဌေးဌေးရီတို့ထံမှ ကန်ထရိုက်တာဦးစိုးဝင်းမှ ဝယ်ယူထားသဖြင့် အမည် ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၃၆

**ဒေါ်မို့မို့လွင်** နှင့် **ဒေါ်ဝါဝါမြ**
**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ရွှေပြည်သာ(၁)လမ်း၊ အမှတ်(၁၂၃၃) နေ ဒေါ်ဝါဝါမြ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌တရားလိုက **"မြေကွက်နှင့်နေအိမ်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် ( ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက် )နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကြိုတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စကားဝါလမ်းမ၊ အမှတ်(၇၇၀) ဟုခေါ်တွင်သည့် အလျား(၃၀)ပေxအနံ(၆၀)ပေရှိသော ဦးတင်အောင်(CZ–၀၀၆၆၆၁)မှ ဂရန်အမည်ပေါက် မြေကွက်အနက် အလျား(၁၅)ပေxအနံ(၆၀)ပေရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၅)ခန်းတွဲ နေအိမ်(အဆောင်)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်သူ ဦးစည်သူ[၁၂/ဥကမ (နိုင်) ၁၈၆၉၃၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မြမြ [၁၂/ဥကမ(နိုင်)၀၅၀၃၀၁] နှင့် ဒေါ်နန်းထွေးဖြူ [၁၂/ဥကမ(နိုင်)၁၈၀၇၃၄] တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်နေအိမ် (အဆောင်)အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း တရားဝင် ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်သဇင်စိုး (LL.B) (D.B.L) (D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၉၇၄၆၀၀၈၉၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၅၁)တွင် နေထိုင်သော ဦးမြင့်စိုးလွင် [၁၄/ဘကလ (နိုင်)၁၃၅၅၆၅] နှင့် ဒေါ်လှလှသိန်း [၁၂/လမတ(နိုင်)၀၂၇၂၅၀] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမြင့်စိုးလွင် နှင့် ဒေါ်လှလှသိန်းတို့၏ သား ဦးပိုင်စိုး [၁၂/လမတ (နိုင်) ၀၃၄၇၂၉] သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိ၏သဘောဆန္ဒအလျောက် ပြုမူလုပ်ကိုင်နေပါသဖြင့် သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ) လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်စိုးလွင် ၊ ဒေါ်လှလှသိန်း တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်–၁၀၀၆၃)** | **LL.B, DBL (စဉ်–၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉ – ၄၂၁၀၃၅၉၆၃** | **ဖုန်း–၀၉ – ၇၉၀၁၂၃၄၈၀** |

**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ရန်ကုန်မှ သာစည်အထိ အမှတ်(၁၁)အဆန်နှင့် သာစည်မှ ရန်ကုန်အထိ အမှတ်(၁၂)အစုန် ရထားခရီးစဉ်များ စတင်ပြေးဆွဲပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

တိုင်ဖွန်းမုန်တိုင်း“ရာဂီ”၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရန်ကုန်-မန္တလေး ရထားလမ်းမကြီး၏ အချို့ရထားလမ်းတာပေါင်နေရာများနှင့် တံတားများ ရေတိုက်စား၍ပျက်စီးခဲ့မှုများကြောင့် စက်တင်ဘာ ၁၃ ရက်မှစတင်၍ ယာယီရပ်ဆိုင်းထားရသည့် ရထားခရီးစဉ်များကို အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်နှင့် သာစည်အကြား အဆန်ရထားလမ်းပိုင်း ပြုပြင်ပြီးဖြစ်၍ လူစီးရထားနှင့် ကုန်ရထားများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ပြေးဆွဲပေးမည်ဖြစ်သည်။

ရန်ကုန်-သာစည် ရထားလမ်းပိုင်း၌ စက်တင်ဘာ ၂၁ ရက်မှ စတင်ပြေးဆွဲပေးမည့် အမှတ် (၁၁)အဆန် လူစီးရထားသည် ရန်ကုန်ဘူတာမှ နံနက် ၅ နာရီတွင်ထွက်ခွာ၍

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❍**



ရှမ်းယူနိုက်တက်အသင်းအတွက် ပထမဂိုးကို ဘာကာယိုကာ သွင်းယူစဉ်။

# ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်နိုင်ပွဲရယူပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်

**ရန်ကုန် စက်တင်ဘာ ၂၀**


၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့ကို စက်တင်ဘာ ၂၀ ရက်ကကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်နိုင်ပွဲရယူပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရတနာပုံအသင်းကို ဂိုးပြတ်သွင်းယူကာ ရမှတ်အသာဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ တောင်ပံတိုက်စစ်ကစားသမား ရဲရင့်အောင်က အသင်းဟောင်းဘက်သို့ ဟက်ထရစ်သွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် တစ်ဂိုးစီသရေအထိ လိုက်ကစားနိုင်သော်လည်း ဂိုးများထပ်ပေးရကာ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂**

# လေဖိအားနည်းဆဲလ်နှင့် အကြွင်းအကျန်တိမ်တိုက်များ၏အရှိန်ကြောင့် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

ယနေ့နေ့လယ်မှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ




**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ထိုင်းနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။ အဆိုပါ လေဖိအားနည်းဆဲလ်နှင့် အကြွင်းအကျန်တိမ်တိုက်များသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း မြန်မာနိုင်ငံ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✻**

ယနေ့ ဖတ်စရာ

**ဘောရစ်မုန်တိုင်းသင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ယူရို ၁၀ ဘီလီယံ လှူဒါန်းမည်ဟု ဥရောပကော်မရှင်အကြီးအကဲ ပြောကြား**

စာမျက်နှာ » ၁၃

**ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း**

စာမျက်နှာ » ၁၅